မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကောင်းမှုပြုလျှင် မြတ်၏

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ)သောကြောင့် ကောင်းမှုကို ပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၅)

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတပြောကြား

နေပြည်တော် ဇွန် ၁၅

မိမိတို့အစိုးရသစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေး မူဝါဒများနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေသည့် ဘဏ္ဍာငွေအရအသုံးများကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၆) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၃ ကော်လံ ၁

ဒေါ်အောင်ဆန်းစုကြည်အား မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထပ်မံလာရောက်လည်ပတ်ရန် မွန်ဂိုလီးယားသမ္မတ ဖိတ်ကြား

စာမျက်နှာ - ၅

ပြည်သူလူထုထောက်ခံမှု နိုင်ငံခြားရေးမူဝါဒ အောင်မြင်မည်၊ နိုင်ငံခြားရေးမူဝါဒ အောင်မြင်မှ ပြည်သူလူထုကို ပံ့ပိုးနိုင်မည်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဒေသရှိ မြန်မာသံအမတ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာ၌ပြောကြား

စာမျက်နှာ - ၅



မြန်မာ့အလင်း

ပြည်သူ့အတွေးအမြင်နှင့် ပြည်သူ့စွမ်းအား

ပြည်သူလူထုကြား၌ လူထုပညာပေးလုပ်ငန်းတို့ကို အမှတ်တမဲ့ ဖြစ်နေတတ်ပါသည်။ လူထုပညာပေးလုပ်ငန်းတို့၏ ထိရောက်အကျိုးရှိမှုကိုလည်း သတိမပြုမိဖြစ်နေတတ်ပါသည်။ ဤသို့ဖြစ်တတ်ခြင်းသည် လူထုပညာပေးလုပ်ငန်းတို့ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းနှင့်လည်း သက်ဆိုင်နေပါသည်။ အမှန်တကယ်၌မူ လူထုပညာပေးလုပ်ငန်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါက တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးကျေးဇူးကြီးမားပါသည်။ တရုတ်နိုင်ငံ မဖွံ့ဖြိုးမတိုးတက်မီကာလ၌ ကျေးလက်တောရွာများတွင် ကိုယ်ဝန်သည်များမီးဖွားရန် အရပ်လက်သည်များကို အားကိုးအားထားပြုရပြီး မွေးဖွားပြီး ကလေးငယ်သေဆုံးနှုန်းမှာလည်း အဆမတန်မြင့်မားပါသည်။ သို့သော် မီးမဖွားမီ အရပ်လက်သည်၏ လက်များကို ဆပ်ပြာဖြင့်သေသေချာချာဆေးကြောခြင်း၊ အချင်းဖြတ်ရန် ဘလိတ်ဓားအသစ်များ လုံလုံလောက်လောက် ဖြန့်ဝေပေးခြင်း၊ မီးဖွားမည့်နေရာ သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်းအစရှိသည့် ရိုးစင်းသော သန့်ရှင်းရေးလုပ်ငန်းစဉ်(၃)ရပ် ဆောင်ရွက်ရေးကို ထိထိရောက်ရောက် လှုံ့ဆော်ပညာပေးဆောင်ရွက်နိုင်ခဲ့သောကြောင့် တရုတ်နိုင်ငံ၏ မွေးဖွားပြီးကလေးငယ် သေဆုံးနှုန်းသည် ကမ္ဘာကအံ့သြယူရလောက်အောင် ကျဆင်းခဲ့ပါသည်။

ပစ္စုပ္ပန်ကာလ၌ မြန်မာနိုင်ငံတွင် လူထုပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် အာရုံစိုက်လုပ်ကိုင်ရန် အထူးလိုအပ်လျက်ရှိပါသည်။ တိုင်းပြည်အတွင်း တင်သွင်းအသုံးပြုလျက်ရှိသော ပိုးသတ်ဆေးအားလုံးကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးထိန်းချုပ်နိုင်သော ကာလမတိုင်မီကြားကာလ၌ အသီးအရွက်များကို ရှာလကာရည်ဖြင့် ဆေးကြောခြင်းသည် ကြွင်းကျန်ပိုးသတ်ဆေး၏အန္တရာယ်ကို အထိုက်အလျောက် လျော့နည်းစေနိုင်ပါသည်။ အာမခံချက်ပေးနိုင်သည့် နည်းလမ်းမဟုတ်သော်လည်း ပြည်သူလူထုအား ကြွင်းကျန်ပိုးသတ်ဆေးအန္တရာယ်ကို သတိပြုမိစေပြီး အထိုက်အလျောက် ကာကွယ်မှုပေးနိုင်ပါသည်။ မြန်မာနိုင်ငံ၌ ကင်ဆာရောဂါဖြစ်ပွားနှုန်း များပြားနေခြင်းသည် အလေးအနက် ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါသည်။ ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံရှိ မြို့ ရွာများ၌ ဆိုင်ကယ်အသုံးပြုမှုများ သိသိသာသာတိုးပွားလျက်ရှိပါသည်။ ဆိုင်ကယ်သည် ပြည်သူလူထုအများစု လက်လှမ်းမီသော ယာဉ်ငယ်ဖြစ်ပြီး ပြည်သူလူထု၏ လူမှုဘဝအတွက် အကျိုးကျေးဇူးများစေပါသည်။ သို့သော် ဆိုင်ကယ်မောင်းနှင်ရာ၌ ဦးထုပ်ဆောင်းပြီး စနစ်တကျမမောင်းနှင်ပါက အသက်အန္တရာယ် စိုးရိမ်ရပြီး တိုင်းပြည်၏ ကျန်းမာရေးစနစ်အပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိုင်ကယ်မောင်းနှင်ရာ၌ ဦးထုပ်ဆောင်းပြီး စနစ်တကျ မောင်းနှင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ပညာပေးရန် လိုအပ်လျက်ရှိပါသည်။ စဉ်းစားမိသော နမူနာဖြစ်ရပ်နှစ်ခုကိုသာ တင်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ပစ္စုပ္ပန်အခြေအနေကို သုံးသပ်ပါက ပြည်သူလူထု၏ နေ့စဉ်ဘဝအတွက် ကိစ္စရပ်များစွာကို ထိထိရောက်ရောက် ပညာပေးလှုံ့ဆော်ရန်လိုအပ်လျက်ရှိသည်မှာ ထင်ရှားပါသည်။ မည်သို့မည်ပုံပညာပေးလှုံ့ဆော်မည်၊ မည်သို့သော နည်းလမ်းသုံး၍ ပညာပေးလှုံ့ဆော်မည်ဆိုသည်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာန၊ ပုဂ္ဂိုလ်များ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ တိတိကျကျတင်ပြရပါက လူထုအား ထိထိရောက်ရောက် ပညာပေးလှုံ့ဆော်နိုင်သည့် စနစ်တစ်ရပ် ထူထောင်ထားရန် လိုအပ်ပါသည်။ ကမ္ဘာ့နိုင်ငံများကြား အပြန်အလှန် ကူးသန်းသွားလာမှု အထူးများပြားနေသော ယနေ့ကာလ၌ ကူးစက်ရောဂါတို့၏ ပျံ့နှံ့နှုန်းသည် အလွန်လျင်မြန်တတ်သော သဘောရှိပါသည်။ ထိုသို့သော ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်ဟန့်တားရာ၌ လူထုအား ထိထိရောက်ရောက် ပညာပေးလှုံ့ဆော်နိုင်ရေးသည် အသက်သွေးကြောလိုအပ်ချက် ဖြစ်ပါသည်။ ဘရာဇီးနိုင်ငံ၌ ကျင်းပမည့်အိုလံပစ်အားကစားပွဲတော်အပေါ် ဇီကာဗိုင်းရပ်စ်ပိုးက ဖန်တီးခဲ့သည့် ဂယက်ထစိုးရိမ်မှုကို သုံးသပ်ကြည့်ပါက ကူးစက်ရောဂါတို့၏အန္တရာယ်ကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား သိမြင်နိုင်မည်ဖြစ်ပါသည်။

လူထုအား ထိထိရောက်ရောက် ပညာပေးလှုံ့ဆော်ရာ၌ **FM** ရေဒီယိုများသည် ကုန်ကျစရိတ်နည်းပြီး ကျေးလက်တောရွာအထိ ရောက်ရှိနိုင်၍ ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ဤကဲ့သို့ ကုန်ကျစရိတ်နည်းပြီး လူထုထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်သည့် နည်းလမ်းသစ်များကိုလည်း စဉ်းစားသုံးသပ်သင့်ပါသည်။ မြန်မာနိုင်ငံ၌ အင်တာနက်အသုံးပြုလျက်ရှိသော ပြည်သူလူထု၏ ၉၀ ရာခိုင်နှုန်းသည် **Facebook** အသုံးပြုကြ၍ **Facebook** အပေါ် အခြေခံသောနည်းလမ်းမျိုးကိုလည်း အသုံးပြုသင့်ပါသည်။ ကာကွယ်ရေးသည် ကုသရေးထက် ထိရောက်သည်ဟူသော ဆိုစကားကဲ့သို့ပင် လူထုအား ထိထိရောက်ရောက် ပညာပေးလှုံ့ဆော်မှုများသည် တိုင်းပြည်နှင့်လူမျိုးအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များနှင့် မလိုလားအပ်သော ကုန်ကျစရိတ်ဖိစီးမှုများကို ကာကွယ်ဟန့်တားတိုက်ဖျက်ရာ၌ အစွမ်းထက်သော လက်နက်ကောင်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူ့အကျိုးပြု လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် အနုပညာရှင်များသည် လက်တွဲညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက် လူထုပညာပေးလှုံ့ဆော်ရေး လုပ်ငန်းရပ်များအား နိုင်ငံသားကောင်းစိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အကြံပြုအပ်ပါသည်။ ။

မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

နေပြည်တော် ဇွန် ၁၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၅၁ အုပ်စုကို ငွေကျပ်သိန်းပေါင်း ၆၉၆၀၀ ထုတ်ချေးပေးရန်လျာထားပြီး ဇွန် ၁၃ ရက်ထိကျေးရွာအုပ်စု ကိုးအုပ်စုအတွက် ငွေကျပ်သိန်းပေါင်း ၈၁၉၉ ထုတ်ချေးပေးပြီးဖြစ်သည်။

မြို့နယ်အတွင်းချေးငွေပြေကျေပြီးသည့် ကျေးရွာအုပ်စု ၃၇ အုပ်စုမှ တောင်သူများကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ပဲတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ချေးငွေထုတ်ချေးပေးနေပြီဖြစ်ပြီး ကျန်ရှိနေသေးသော ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူများအား ချေးငွေကြွေးကျန်များပေးသွင်းပြီးလျှင် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းတာ(တပ်ကုန်း)

စားသုံးသူအကာအကွယ်ပေးရေး ဟောပြော

လှိုင်းဘွဲ့ ဇွန် ၁၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ထီလုံကျေးရွာအုပ်စုတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဘားအံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူးကြီးမှူး၍ ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က ပြည်တွင်းပြည်ပမှ အရည်အသွေးမမီသည့် စားသောက်ကုန်ပစ္စည်းများ၊ စံချိန်မမီသော အတုအပများကြောင့် စားသုံးသူပြည်သူများဘေးအန္တရာယ်ကျရောက်နိုင်မှုများ၊ အချိုရည်ကြောင့် စားသုံးသူများ အန္တရာယ်ရှိပုံ၊ တားမြစ်ဆိုးဆေးများအကြောင်း စသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

ပြိုကျပျက်စီးနေသော အင်းဝခေတ်ဥမင်လိုဏ်ဂူအား ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြင်းတွင်းကျေးရွာအုပ်စုတွင် အင်းဝခေတ်က တည်ဆောက်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်ရှိ ဥမင်လိုဏ်ဂူတစ်ဂူ တည်ရှိသည်။ အဆိုပါလိုဏ်ဂူအတွင်း၌ ရှေးမူ လက်ရာမပျက် နံရံဆေးရေးပန်းချီကားများ တည်ရှိကြောင်း သိရသည်။

ယခုအခါ ဥမင်လိုဏ်ဂူမှာ နှစ်ကာလ ကြာမြင့်လာခြင်းကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ပြိုကျပျက်စီးလျက်ရှိကြောင်း သိရသည်။

ဥမင်လိုဏ်ဂူမှာ ပြိုကျပျက်စီးနေ သော်လည်း ဂူအတွင်းရှိ နံရံဆေးရေးပန်းချီကားများမှာ ရှေးမူမပျက် တည်ရှိနေပြီး ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန် ပြိုကျပျက်စီးနေသော ဥမင်လိုဏ်ဂူကို သက်ဆိုင်ရာမှ ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိ ကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၅-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၀၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၄၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၀၂၀၀၀

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

ဒီဇယ်	၄၉၀ / ၅၂၀ ကျပ်
အောက်တိန်း ၉၂	၅၄၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၄၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၃၀ / ၅၅၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၈၇.၀
ဥရောပ	တစ်ယူရို	၁၃၃၀.၂
စင်ကာပူ	တစ်ဒေါ်လာ	၈၇၅.၅၉
ထိုင်း	တစ်ဘတ်	၃၃.၆၁၇
အိန္ဒိယ	တစ်ရူပီး	၁၇.၆၃၂
တရုတ်	တစ်ယွမ်	၁၇၉.၉၄
မလေးရှား	တစ်ရင်းဂစ်	၂၈၈.၆၀

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

■ *ရှေ့စာမှ*

ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတက ယခုအစည်းအဝေးသည် မိမိတို့အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် ပြီးခဲ့သည့် အစိုးရလက်ထက်က အတည်ပြုခဲ့သည့် ၂၀၁၆-၂၀၁၇ ခု ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရန် အဓိကဆွေးနွေးကြမည်ဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့တွင် အတည်ပြုခဲ့ကာ ယခင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ယခင်ရေးဆွဲခဲ့သည့် ဘတ်ဂျက်မှာ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အနေအထားအရ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ အစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုဝန်ကြီးဌာန ၂၂ ခုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြောင်းလဲသွားသည့် အခြေအနေနှင့် ကိုက်ညီအောင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းများကို ပြန်လည်ရေးဆွဲရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေး ကော်မရှင်အနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဘဏ္ဍာငွေ ခွဲဝေဆောင်ရွက်သည့်ကိစ္စများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စံနှုန်းသတ်မှတ်ချက်များဖြင့် စနစ်တကျ တိုင်းတာတွက်ချက်ပြီး အချိုးကျမျှတအောင် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုမှ ဖြည့်ဆည်းထောက်ပံ့ပေးသည့်ရငွေတို့ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဘဏ္ဍာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ရှင်းလင်းတင်ပြစဉ်

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်သည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးစသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒလမ်းစဉ်များချမှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် တယ်လီဖုန်းခေါ်ဆိုခများမှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သန်း ၇၅၀၀ ကို နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရှိစေမည့် ကဏ္ဍများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ပညာရေးအတွက် စတင်သုံးစွဲနေကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်ကြောင်း၊ အစိုးရများကကိုင်တွယ်ပြီး စီမံခန့်ခွဲရခြင်းဖြစ်ကြောင်း၊ ဘတ်ဂျက်လျာထားမှုကိုကြည့်ပါက သက်ဆိုင်ရာနိုင်ငံ၊ သက်ဆိုင်ရာအစိုးရ၏ ဦးစားပေးအစီအစဉ်များကို သိရှိနိုင်ကြောင်း။

ဘတ်ဂျက်ကိုသုံးစွဲကြရာတွင် စနစ်တကျ အလေအလွင့်အနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ကြပ်မတ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုက ရွေးချယ်ပေးလိုက်သည့် အစိုးရဖြစ်သည့်အတွက် ပြည်သူလူထု၏ ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန်၊ နိုင်ငံ့စီးပွားရေးဟန်ချက်ညီစေရန်၊ နိုင်ငံ့စီးပွားကြွယ်ဝမှုမှတစ်ဆင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းမှုအတွက် စီးဆင်းစေရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခွဲဝေရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို မည်သည့်နေရာတွင် မည်မျှသုံးမည်၊ မည်ကဲ့သို့သုံးစွဲနေသည်ကို ပွင့်လင်းမြင်သာမှုရှိရှိ အသိပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက လျှော့နည်းသွားသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ လစာစရိတ်၊ ချီးမြှင့်ငွေ၊ အဆောင်အယောင်စရိတ်များကို လျှော့ချရေးဆွဲပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးများ သာမန်အသုံးစရိတ်၏ ၂ ရာခိုင်နှုန်းကို လျှော့ချခဲ့ပါကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့၏ ဖွဲ့စည်းပုံအရ အသုံးစရိတ်များကို ထည့်သွင်းရေးဆွဲခဲ့ကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ယခင်လွှတ်တော်က အတည်ပြုထားပြီးဖြစ်သည့် ၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတို့တွင် ပါဝင်သည့်အတိုင်း ပြောင်းလဲခြင်းမပြုဘဲ ရေးဆွဲခဲ့ပါကြောင်း။

ကြွေးမြီစာရင်းများကိုလည်း ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပါဝင်သည့်အတိုင်း ပြောင်းလဲခြင်းမပြုဘဲ ရေးဆွဲထားပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးသော တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကိုလည်း မူလအတိုင်း ဖြည့်ဆည်းထားပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ရငွေစာရင်းရှိ တယ်လီဖုန်းပြောဆိုခပေါ်တွင် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ရငွေမှ ငွေကျပ် ၇ ဒသမ ၅ ဘီလီယံကို ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်တွင် တိုးမြှင့်လျာထားကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းနှင့် မြန်မာ-အိန္ဒိယ နယ်စပ်ခြံစည်းရိုး ကာရံခြင်းအတွက် ခွဲဝေပေးထားသည့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၅ ဒသမ ၅၄ ဘီလီယံကိုလည်း ပြင်ဆင်ခြင်းမပြုဘဲ ရေးဆွဲထားပါကြောင်း တင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံတော်၏ လိုငွေနှင့် GDP အချိုး ၅ ရာခိုင်နှုန်း မကျော်စေရန်နှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပ ကုန်သွယ်လုပ်ငန်းခွန်များ၏ ၁၅ ရာခိုင်နှုန်းအား ခွဲဝေပေးရန်တို့ကို ထည့်သွင်းစဉ်းစားပြီး လိုငွေဖြည့်ဆည်းခြင်းကို လျာထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ပေးရမည့် ငွေပမာဏမှာ ငွေကျပ် ၁၆၈၈ ဒသမ ၂၁၉ ဘီလီယံဖြစ်ကြောင်း တင်ပြသည်။

ဘဏ္ဍာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ ရှင်းလင်းတင်ပြစဉ်

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ယခင်အစိုးရလက်ထက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ခွဲခြားရေးဆွဲခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား ဘဏ္ဍာရေးဆိုင်ရာ ဆက်နွှယ်မှုများ၊ ပြင်ဆင်ရေးဆွဲထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးပါက ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင် (Citizen’s Budget)ကိုလည်း ထုတ်ဝေသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ အလွယ်တကူ နားလည်အောင်၊ ပြည်သူများ လက်လှမ်းမီသိရှိနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

မြန်မာ - ဘင်္ဂလားဒေ့ရှ် ခြံစည်းရိုးကာရံခြင်းအတွက် အသုံးစရိတ်စာရင်း

စဉ်	ဘဏ္ဍာရေးနှစ်	အကြောင်းအရာ	မူလခန့်မှန်းခြေ (ကျပ်သန်း)	ဖြည့်စွက်ခွင့်ပြုငွေ (ကျပ်သန်း)	စုစုပေါင်း (ကျပ်သန်း)
၁	၂	၃	၄	၅	၆
၁	၂၀၀၉-၂၀၁၀	ပထမအဆင့်နှင့် ဒုတိယ အဆင့်ကာရံခြင်း		၂၇၅၀၀.၀၀၀	၂၇၅၀၀.၀၀၀
၂	၂၀၁၀-၂၀၁၁	ဒုတိယအဆင့်ကျန်ငွေပေးချေခြင်း ကင်းစခန်း ၂၆ ခု တည်ဆောက်ခြင်း တတိယအဆင့်ကာရံခြင်း ပထမအဆင့်၏ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ဆက်စပ်လုပ်ငန်းများ	၂၂၇၅၉.၅၃၈	၄၅၇၀.၀၀၀	၂၇၃၂၉.၅၃၀
၃	၂၀၁၁-၂၀၁၂	ပထမအဆင့်၏လမ်းများ အဆင့်မြှင့်တင်ခြင်းခုံးကျော်တံတားငယ် ၁၈ ခုနှင့် စပယ်ပင်ရင်းချောင်း ကင်းစခန်းတည်ဆောက်ခြင်း၊ တတိယအဆင့်လုပ်ငန်းမှ ကျန်ငွေပေးချေခြင်း	၃၅၁၂၈.၅၉၀		၃၅၁၂၈.၅၉၀
၄	၂၀၁၂-၂၀၁၃	ဒုတိယအဆင့် ဆက်စပ်ကင်းလှည့်လမ်းနှင့်ဆက်သွယ်ရေးလမ်းကြောင်း မြေသားလမ်းဖောက်ခြင်း ရေထုတ်ပြွန်တည်ဆောက်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းနှင့် ဒီဇယ်ဖိုးငွေပေးချေခြင်း	၁၉၅၅၀.၁၉၀	၃၀၁၇.၄၅၂	၂၂၅၆၇.၆၄၂
၅	၂၀၁၃-၂၀၁၄	ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ကင်းစခန်းများ၊ ခြံစည်းရိုးများ လျှပ်စစ်မီးရရှိရေး			
၆	၂၀၁၄-၂၀၁၅	ဒုတိယအဆင့်ပျက်စီးမှုများပြုပြင်ခြင်း နှင့်တတိယအဆင့် ခြံစည်းရိုးကာရံခြင်း၊ ရေထုတ်ပြွန်တံတားတည်ဆောက်ခြင်း	၃၀၁၈.၂၅၃	၁၀၀၄၄.၃၀၇	၁၃၀၆၂.၅၆၀
၇	၂၀၁၅-၂၀၁၆	-		၃၆၈၈၀.၃၇၃	၃၆၈၈၀.၃၇၃
၈	၂၀၁၆-၂၀၁၇	ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့တွင် သဘာဝဘေးကြောင့် ပျက်စီးမှုအားပြန်လည်ပြုပြင်ခြင်း၊ နယ်နိမိတ်မှတ်တိုင် (၁၄၆)၏တောင်ဘက် ကင်းလှည့်လမ်း၊ မြေထိန်းနံရံနှင့် ရေထွက်ပေါက်များအပါအဝင် ခြံစည်းရိုးကာရံခြင်း	၅၅၄၄.၈၂၃		၅၅၄၄.၈၂၃
		စုစုပေါင်း	၈၆၀၀၁.၃၈၆	၈၂၀၁၃.၁၃၂	၁၆၈၀၁၄.၅၁၈

ပြည်သူလူထုက ရွေးချယ်ပေးလိုက်သည့် အစိုးရဖြစ်သည့်အတွက် ပြည်သူလူထု၏ ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန်၊ နိုင်ငံ့စီးပွားရေးဟန်ချက်ညီစေရန်၊ နိုင်ငံ့စီးပွားကြွယ်ဝမှုမှတစ်ဆင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းမှုအတွက် စီးဆင်းစေရန် အလေးထားဆောင်ရွက်ကြရမည်

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ သတ္တု၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတိုးမြှင့်ဖော်ဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတတို့ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိလာသည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ် ဒေါ့ဂျ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ညော့ခန်းမ၌ လက်ခံတွေ့ဆုံစဉ် **(အပေါ်ယာပုံ)** ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ သတ္တုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မွန်ဂိုလီးယားသမ္မတက နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား မွန်ဂိုလီးယားနိုင်ငံ၌ကျင်းပမည့် (၁၁) ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးသို့ တက်ရောက်နိုင်ရေးနှင့် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ဂိုလီးယားနိုင်ငံသမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုင်ငံတော်သမ္မတ အိမ်တော်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် မွန်ဂိုလီးယားနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ နန္ဒာမွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တင်စ်ဘီလ်ဂွန်း တူမွတ်ခ်ဟူလင်တို့က "မွန်ဂိုလီးယားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ **(ဝဲပုံ)**

ညပိုင်းတွင် နိုင်ငံတော်သမ္မတက မွန်ဂိုလီးယားနိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်ဂိုလီးယားနိုင်ငံ သမ္မတသည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်သည့်ခရီးစဉ်ဖြစ်သကဲ့သို့ အစိုးရသစ်လက်ထက်၌ မြန်မာနိုင်ငံသို့ ပထမဦးဆုံး လာရောက်သည့် နိုင်ငံအကြီးအကဲတစ်ဦး၏ခရီးစဉ်လည်းဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အချိန်အခါတွင် လာရောက်သည့် ခရီးစဉ်တစ်ခုလည်းဖြစ်သည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်များတွင် မြန်မာ-မွန်ဂိုလီးယား ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၅

မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်များ၌ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ဇွန် ၁၅ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ ပူးပေါင်းဆောင်ရန်အတွက် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မွန်ဂိုလီးယားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာဝန်ကြီးဌာနတို့အကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ"** ကို မွန်ဂိုလီးယားနိုင်ငံသမ္မတ မြန်မာနိုင်ငံသို့ လာရောက်သည့်ခရီးစဉ်၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံအပြီးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တင်စ်ဘီလ်ဂွန်းတူမွတ်ခ်ဟူလင်တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

နားလည်မှု စာချွန်လွှာတွင် ယဉ်ကျေးမှုအနုပညာနယ်ပယ်များတွင် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆန္ဒရှိကြသဖြင့် နှစ်နိုင်ငံပြည်သူများအကြား လက်ရှိတည်ရှိနေသော အပြန်အလှန်နားလည်ယုံကြည်မှု၊ လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက်စေရန် စာချုပ်ဝင်များသည် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ အပြန်အလှန်နားလည်မှုတိုးတက်စေရေး ကြိုးပမ်းအားထုတ်ရန်၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာနယ်ပယ်များ အပြန်အလှန်ဖလှယ်ခြင်း၊ အပြန်အလှန် နားလည်မှုများ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ကြရန်တို့ပါဝင်ပြီး အဆိုပါအချက်များကို နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် စာချုပ်ဝင်များသည် အစိုးရဆိုင်ရာ ကိုယ်စားလှယ်များအကြား ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာမူဘောင်အဖြစ် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံ၍ အပြန်အလှန်ရွေးချယ်ဆုံးဖြတ်ကာ တိုးမြှင့်ဆောင်ရွက်ရန်၊ ကြိုးပမ်းအားထုတ်ကြရန်နှင့် ပါဝင်ဆောင်ရွက်သူများ၏ ရရှိသုံးစွဲနိုင်သော၊ ဘဏ္ဍာရေးနှင့် ငွေအရင်းအမြစ်ဆိုင်ရာ အခြေအနေများပေါ်တွင် မူတည်၍ ဆောင်ရွက်ကြရန်၊ စာချုပ်ဝင်များသည် ဆောင်ရွက်ရန် ကတိပြုထားသော လှုပ်ရှားဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သောအရင်းအမြစ် ထောက်ပံ့ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်တို့ကို သဘောတူခဲ့ကြသည်။

၎င်းနားလည်မှု စာချွန်လွှာသည် လက်မှတ်ရေးထိုးသည့်နေ့တွင် စတင်အသက်ဝင်ပြီး စာချွန်လွှာသည် သုံးနှစ်သက်တမ်းရှိမည်ဖြစ်ကာ တစ်ဆက်တည်း နောက်ထပ်သုံးနှစ်အတွက် အလိုအလျောက် သက်တမ်းတိုးမြှင့်ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မွန်ဂိုလီးယားနိုင်ငံသမ္မတ အမျိုးသားပြတိုက်အတွင်းရှိပြခန်းများအား လေ့လာ

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ် ဒေါ့ဂျ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ The Lake Garden Hotel ၌ကျင်းပသည့် Mongolia Myanmar CEO Conference သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မွန်ဂိုလီးယားနိုင်ငံသမ္မတ ဦးဆောင်သည့်အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(အောက်ပုံ)**

ဆက်လက်၍ မွန်ဂိုလီးယားသမ္မတသည် အမျိုးသားပြတိုက်အတွင်းရှိ နိုင်ငံတော်သမ္မတများ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ သမိုင်းတင်ခေတ် (AD -၁၁ ရာစုနှင့် ၁၄ ရာစု) ပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ မြန်မာ့အနုသုခုမပြခန်း နှင့် မြန်မာ့ပန်းချီပြခန်းတို့ကို ကြည့်ရှုလေ့လာပြီး အမျိုးသားပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် မွန်ဂိုလီးယားသမ္မတသည် Grand Amara ဟိုတယ်၌ကျင်းပလျက်ရှိသည့် သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအလုပ်ရုံ ဆွေးနွေးပွဲ (Sound Management of Natural Resource -2) သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

(သတင်းစဉ်)

တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် ဇွန် ၁၅

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဒေါ်အောင်ဆန်းစုကြည်အား မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထပ်မံလာရောက်လည်ပတ်ရန် မွန်ဂိုလီးယားသမ္မတ ဖိတ်ကြား

နေပြည်တော် ဇွန် ၁၅

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေါ့ဂျ်နှင့် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌တွေ့ဆုံစဉ် ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကဏ္ဍ၊ လျှပ်စစ် စွမ်းအင်ကဏ္ဍ၊ ဒီမိုကရေစီအစဉ်အလာကောင်းနှင့် တာဝန်သိ တာဝန်ကျေပွန်သောမီဒီယာများ၏ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

မွန်ဂိုလီးယားသမ္မတက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မွန်ဂိုလီးယားနိုင်ငံသို့ ဧည့်သည်တော်အဖြစ် လာရောက်ခဲ့ပြီးနောက် ရွေးကောက်ပွဲအောင်မြင်ပြီးသည့် လက်ရှိအချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထပ်မံလာရောက်လည်ပတ်နိုင်ပါရန်နှင့် မွန်ဂိုလီးယားနိုင်ငံတွင်ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေးသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးကျော်ဝင်း နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး မွန်ဂိုလီးယားနိုင်ငံ သမ္မတဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာဇတ်ခ်ဟီးလ်ယာဒ် အယ်လ် ဘတ်ခ်ဒေါ့ဂျ် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ပြည်သူလူထုထောက်ခံမှ နိုင်ငံခြားရေးမူဝါဒအောင်မြင်မည်၊ နိုင်ငံခြားရေးမူဝါဒအောင်မြင်မှ ပြည်သူလူထုကို ပံ့ပိုးနိုင်မည်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှဒေသရှိ မြန်မာသံအမတ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာ၌ ပြောကြား

နေပြည်တော် ဇွန် ၁၅

မိမိတို့နိုင်ငံ၏အကျိုး၊ ပြည်ပရှိ မိမိနိုင်ငံသားများ၏အကျိုးကို မြန်မာသံရုံးများ၊ သံတမန်ဝန်ထမ်းများက ကာကွယ်စောင့်ရှောက်မှုပေးခြင်းဖြင့် နိုင်ငံ၏ဂုဏ်ကို စောင့်ထိန်းကြရန်လိုအပ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာရှဒေသရှိ မြန်မာသံအမတ်ကြီးများ တွေ့ဆုံဆွေးနွေးမှုကို ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပစဉ် **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာသံအမတ်ကြီးများအား လမ်းညွှန်မှာကြားရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းနေချိန်ဖြစ်၍ မိမိတို့၏ နိုင်ငံတကာဆက်ဆံရေးတွင်လည်း ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ထက် နှလုံးရည်၊ ဉာဏ စွမ်းရည်တို့အပေါ်အားထားပြီး ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အောင်မြင်ရန်အတွက် နိုင်ငံတကာဆက်ဆံရေးကောင်းမွန်ရန် မြန်မာသံအမတ်ကြီးများအနေဖြင့် ပိုမိုအလေးထားလုပ်ဆောင်သွားရန်၊ ပြည်သူလူထုထောက်ခံမှ နိုင်ငံခြားရေးမူဝါဒ အောင်မြင်မည်ဖြစ်ပြီး နိုင်ငံခြားရေးမူဝါဒအောင်မြင်မှ ပြည်သူလူထုကို ပံ့ပိုးနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးများသည် အစိုးရသစ်၏မူဝါဒများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာသံရုံးများ၏ဆောင်ရွက်နေသည့်လုပ်ငန်းများ ညှိနှိုင်းရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘရူနိုင်း၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ တောင်ကိုရီးယား၊ ဂျပန်၊ တောင်အာဖရိကနှင့် အစ္စရေးလ်နိုင်ငံတို့မှ မြန်မာသံအမတ်ကြီး ၁၈ ဦးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ နိုင်ငံရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက "ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့အပြင် ကိုယ့်နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ပြည်ပမှာ စောင့်ရှောက်ဖို့ အဓိကဆွေးနွေးပါတယ်။ သံတမန်ဝန်ထမ်းတွေအနေနဲ့ နိုင်ငံအကျိုးကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ ပြည်ပမှာနည်းအမျိုးမျိုးနဲ့ ရောက်ရှိနေတဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ဖို့လည်း ဆွေးနွေးကြပါတယ်။ သံအမတ်ကြီးတွေကလည်း လုပ်ငန်းဆောင်ရွက်ရာမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေ၊ ဖြစ်စေချင်တာတွေကို ဆွေးနွေးကြပါတယ်။

ဒီလိုတွေ့ဆုံမှုမျိုးက အစဉ်အလာရှိတဲ့အပြင် အကျိုးလည်းရှိပါတယ်။ အခုလောလောဆယ်မှာ အာရှကသံအမတ်ကြီးတွေကိုခေါ်တွေ့တာပါ။ နောင်မှာလည်း ဥရောပနိုင်ငံတွေအပါအဝင် တခြားသံအမတ်ကြီးတွေနဲ့ တွေ့ဆုံဖို့ ရှိပါတယ်။ အဲဒီတွေ့ဆုံမှုတွေက နေပြည်တော်မှာ ဖြစ်မလား၊ အခြားနေရာမှာ ဖြစ်မလား ပြောလို့မရသေးပါဘူး" ဟု သုံးသပ်ပြောကြားသည်။

(သတင်းစဉ်)

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူညီချက်အား အဆင့်မြှင့်တင်ခြင်းနှင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ယူရှီးမြို့၌ ဇွန် ၁၃ ရက်မှ ၁၄ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည့် အာဆီယံ-တရုတ် (၂၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်းသီးအစည်းအဝေးတွင် ထုတ်ပြန်ရန်အလားအလာရှိသည့် ရလဒ်များအပေါ်ကြိုတင်ပြင်ဆင်ဆွေးနွေးမှုများပြုလုပ်ရန်နှင့် ဒေသတွင်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီရန်ဗလာခရစ္စနမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ လီလောင်မယ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက ပြီးခဲ့သည့် ၂၅ နှစ်အတွင်း အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ တိုးတက်မှုများအပေါ်ပြန်လည်သုံးသပ်ခဲ့ကြပြီး ဦးစားပေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များနှင့် အနာဂတ်မျှော်မှန်းချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် (၂၅)နှစ်မြောက် အာဆီယံ-တရုတ် နှစ်ပတ်လည်အထိမ်းအမှတ်လုပ်ငန်းစဉ်များအပေါ် ကြိုဆိုခဲ့ကြသည်။

အစည်းအဝေးမှ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-တရုတ် နှစ်ဖက်ကုန်သွယ်မှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁ ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံအထိရောက်ရှိရေး ရည်မှန်းချက်ဖြင့် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသသဘောတူညီချက်အား အဆင့်မြှင့်တင်ခြင်းနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့၏အကျိုးကျေးဇူးများကို အလေးပေးဆွေးနွေးခဲ့ကြသည်။

ဒေသတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှုကို တိုးမြှင့်ရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းကို အရှိန်မြှင့်တင်ရန် နှစ်ဖက်စလုံးမှ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းတည်ထောင်နိုင်ရေးနှင့် ဒေသတွင်း ဗိသုကာတည်ဆောက်မှုပုံစံတွင် အာဆီယံစည်းလုံးညီညွတ်မှုနှင့် အာဆီယံအချက်အချာကျမှုကို ဦးစားပေးဆောင်ရွက်သွားရန် တရုတ်နိုင်ငံ၏ ထောက်ခံမှုများကိုလည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။

အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်အပြည့်အဝ ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် တူညီဆန္ဒအပေါ်အခြေခံ၍ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်ရေးတို့နှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့အကြား ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မွန်ဂိုလီးယား-မြန်မာဇဟိုအလုပ်အမှုဆောင်ကွန်ဖရင့် ကျင်းပ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာလက်မှတ်ရေးထိုး မွန်ဂိုလီးယား-မြန်မာစီးပွားရေးကောင်စီ တည်ထောင်မှုကြေညာ

မွန်ဂိုလီးယားသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေ့ါဂျ်နှင့် မွန်ဂိုလီးယား-မြန်မာဇဟိုအလုပ်အမှုဆောင်ကွန်ဖရင့် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

နေပြည်တော် ဇွန် ၁၅

စီးပွားရေးဆန်ဆန် ဆက်ဆံရေးထက် မိတ်ဆွေရင်းကဲ့သို့ ဆက်ဆံရေးကို ပိုမိုသဘောကျပါကြောင်း၊ မိမိတို့နိုင်ငံသည် မြန်မာနိုင်ငံနှင့် မိတ်ဆွေရင်းကဲ့သို့ ဆက်ဆံရေးကို ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားမည်ဟူသည့် ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံသမ္မတက ပြောကြားလိုက်သည်။

မွန်ဂိုလီးယား-မြန်မာဇဟိုအလုပ်အမှုဆောင်ကွန်ဖရင့် (CEO Conference) ကို နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ်ဒေ့ါဂျ်က အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံ သမ္မတက ယုံကြည်မှုရှိသောဆက်ဆံရေးကို အခြေပြုသည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ယုံကြည်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံတွင် တူညီသည့်အခြေအနေများစွာရှိပါကြောင်း၊ မိမိတို့ နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပါဝင်မှုအားဖြင့် အဓိကထားဖော်ဆောင်ခဲ့ပါကြောင်း၊ မိမိတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြည်ပသို့ ကုန်ကြမ်းတင်ပို့မှုကိုလျှော့ချခဲ့ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူသွင်းကုန်တင်သွင်းမှုကိုလည်း လျှော့ချခဲ့ကြောင်း၊ မိမိတို့သည် ဒီမိုကရေစီလမ်းပေါ် လျှောက်လှမ်းရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ဒီမိုကရေစီ၏ လွတ်လပ်မှုအခွင့်အရေးများနှင့်အတူ ယှဉ်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကလည်း မြန်မာ-မွန်ဂိုလီးယား နှစ်နိုင်ငံသည် ၂၀၁၄- ၂၀၁၅ ခုနှစ်အထိ ကုန်သွယ်မှုမရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ မွန်ဂိုလီးယားသို့ ဒေါ်လာ ၀ ဒသမ ၃၇ သန်းနီးပါး တန်ဖိုးရှိသည့် အထည်အလိပ်များတင်ပို့ခဲ့ပြီး မွန်ဂိုလီးယားမှ ဒေါ်လာ ၀ ဒသမ ၀၀၂ သန်းတန်ဖိုးရှိ ဆေးဝါး၊ တာယာ၊ အချိုရည်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တင်သွင်းခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကမြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မွန်ဂိုလီးယားအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အရှိန်မြှင့်လုပ်ဆောင်နေပါကြောင်း၊ မိမိတို့နိုင်ငံသို့ မွန်ဂိုလီးယားသမ္မတ လာရောက်ခြင်းသည် ၁၉၅၆ ခုနှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ပြီးနောက် ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် ခရီးစဉ်ကို ၂၀၁၃ ခုနှစ်က လာရောက်ခဲ့ပြီး ထိုသို့လာရောက်စဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါထုတ်ပြန်ချက်တွင် နှစ်နိုင်ငံကြား ရှိရင်းစွဲစီးပွားရေးနှင့် သံတမန်ဆက်ဆံရေးကို တိုးမြှင့်သွားမည်ဟု ပါရှိကြောင်း။ မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ် ပေါကြွယ်ဝသော်လည်း နည်းပညာနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်မှာ စိန်ခေါ်မှုအဖြစ် တည်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုသည် မွန်ဂိုလီးယားနိုင်ငံအတွက် အလားအလာကောင်းများ ဖြစ်လာမည်ဖြစ်ပါကြောင်းနှင့် မွန်ဂိုလီးယားနိုင်ငံမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ကွန်ဖရင့်တွင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အပါအဝင် သဘာဝအရင်းအမြစ်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရန် မျက်နှာစုံညီဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆိုင်ရာ၊ သတ္တုတူးဖော်ရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ ပို့ဆောင်ရေးဆိုင်ရာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာတမ်းများကိုလည်း တင်ပြဆွေးနွေးကြသည်။

အဆိုပါစာတမ်းများအပေါ် အခြေခံ၍ မွန်ဂိုလီးယားနိုင်ငံ အမျိုးသားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)တို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU ကို အသင်းဥက္ကဋ္ဌများက လက်မှတ်ရေးထိုးခဲ့ပြီး မွန်ဂိုလီးယား-မြန်မာစီးပွားရေးကောင်စီ တည်ထောင်ခြင်းအား ကြေညာခဲ့သည်။

လူဦးရေ သုံးသန်းခန့်ရှိသည့် မွန်ဂိုလီးယားနိုင်ငံသည် သဘာဝတွင်းထွက် အရင်းအမြစ်ပေါများသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံနှင့် ၁၉၅၆ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ရာယခုနှစ်တွင်နှစ်(၆၀)ပြည့်မြောက်သည်။

(သတင်းစဉ်)

သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

သတ္တု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်နှင့်သစ်တောကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆွေးနွေးမည်

နေပြည်တော် ဇွန် ၁၅

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မတူကွဲပြားသည့် ပါဝင်ဆွေးနွေးကြသူများကိုဆွဲဆောင်ထားနိုင်ပြီး ယခင်အလုပ်ရုံဆွေးနွေးပွဲများထက် ပိုမိုဆွေးနွေးနိုင်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ်အယ်လ်ဘတ်ခ်ဒေ့ါဂျ် က ပြောကြားလိုက်သည်။ **(ယာပုံ)**

မွန်ဂိုလီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖွဲ့ (ICF) နှင့် နော်ဝေနိုင်ငံအခြေစိုက် အော်စလိုစင်တာတို့ ပူးပေါင်းဆောင်ရွက်သည့် သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲ (Sound Management of Natural Resource – 2) ကို ဇွန် ၁၅ ရက်တွင် နေပြည်တော်ရှိGrand Amara Hotel၊ Taungoo Hall ၌ ကျင်းပစဉ် မွန်းလွဲပိုင်းအစီအစဉ်၌ မွန်ဂိုလီးယားနိုင်ငံသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယားသမ္မတက ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေသည့် နည်းလမ်းများ၊ အုပ်ချုပ်ရေးစနစ်နှင့် အခြားကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်မှတစ်ဆင့် မွန်ဂိုလီးယားနိုင်ငံ၏ ပို့ကုန်များတင်ပို့မှု၊ စီးပွားရေးကဏ္ဍဥပဒေလုပ်ငန်းစဉ်များ တိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ မွန်ဂိုလီးယားနိုင်ငံ၏ စက်မှုနှင့် ကုန်သွယ်မှုကဏ္ဍ ပြောင်းလဲမှု၊ အူလန်ဘာတောမြို့တော် ဖွံ့ဖြိုးရေးမဟာဗျူဟာရေးဆွဲမှုနှင့် မွန်ဂိုလီးယားနိုင်ငံ၌ ခရီးသွားကဏ္ဍ တိုးတက်ရေးဆောင်ရွက်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံရေးသမားများ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ အရပ်ဘက် အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် မီဒီယာအဖွဲ့အစည်းများအတွက် အချိန်ကျရောက်ပြီဖြစ်ကြောင်းနှင့် မွန်ဂိုလီးယားနိုင်ငံသည် ဒီမိုကရေစီတိုင်းပြည်တစ်ခုဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့် ရှိပါကြောင်း ပြောကြားသည်။

သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲ (Sound Management of Natural Resource – 2)ကို ယနေ့နံနက်က စတင်ကျင်းပရာ အာဖဂန်နစ္စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ကီရ်ဂစ်သမ္မတနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ မွန်ဂိုလီးယားနိုင်ငံ သတ္တုတွင်းဝန်ကြီး Mr. Jingjid R၊ အော်စလို စင်တာဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေတို့က နှုတ်ခွန်းဆက်ပြောကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၆ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Extractive Industry တွင် ပါဝင်သည့် သတ္တု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်နှင့် သစ်တောကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Extractive Industries in Myanmar နှင့် Challenges and Opportunities in Developing Myanmar Natural Resources ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် သဘာဝသယံဇာတဆိုင်ရာစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲ (Sound Management of Natural Resource – 1) ကို မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့ပြီး (Sound Management of Natural Resource – 3) ကို ကာဂျစ်စတန်နိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ကွာပြီး တော၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်ကာ တာဝါတိုင်တွေ အောက်ခြေခိုင်ခံ့ရေးအတွက် တည်ဆောက်တာ၊ တိုင်ဆင်တာနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းတွေ ဆွဲတာ၊ ဖလမ်းနဲ့ ဓာတ်အားခွဲရုံ တည်ဆောက်တာ စတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဟားခါးနဲ့ ဖလမ်းမှာ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးဒဏ် ရေကြီးမှုနဲ့ မြေပြိုမှုတွေကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ လုပ်ငန်းတွေ ရပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ပြန်စလုပ်နိုင်ခဲ့ပါတယ်၊ အခု ဖလမ်းမြို့နဲ့ပတ်ဝန်းကျင်ကျေးရွာတွေ မီးလင်းနေတာမြင်ရတော့ ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပြီး ဝမ်းလည်း သာမိပါတယ်” ဟု ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ (ဒုတိယအင်ဂျင်နီယာချုပ်) ဦးထောင်ဇိုခိုင်က ပြောသည်။

ချင်းပြည်နယ်ဖလမ်းသည် ခရိုင်မြို့တစ်မြို့ဖြစ်ပြီး တီးတိန်၊ တွန်းဇံ၊ ကျီးခါး၊ ရိခေါဒါရ်တို့ဖြင့် ဖွဲ့စည်းထားသည့် ပင်လယ်ပြင်မျက်နှာပြင်အထက်အမြင့်ပေ ၅၂၀၀ မြင့်၍ တစ်ခရိုင်လုံးဆိုလျှင် စတုရန်းမိုင် ၆၂၇၉ ဒသမ ၄၃ မိုင်ကျယ်ဝန်းသည်။ ယခုလ ၁၀ ရက်မှကစ၍ မြို့ပေါ်ရပ်ကွက် လေးခုမှ အိမ်ထောင်စု ၁၈၃၉ စုနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စုပေါင်း ၇၁၇ တို့ကို ဖလမ်းဓာတ်အားခွဲရုံမှ ၂၄ နာရီ ဓာတ်အားများ ပို့လွှတ်ပေးလျက်ရှိသည်။ ယခင်ကဆိုလျှင် ဖလမ်းကိုလျှပ်စစ်ဖြန့်ဖြူးရာတွင် ငစစ်ဗားရ်ရေအားလျှပ်စစ်စီမံကိန်းမှာ အချိန်ပိုင်းသာဖြန့်ဖြူးပေးနိုင်သဖြင့် လျှပ်စစ်မီး လုံလောက်မှု မရှိဘဲနှစ်ပေါင်းများစွာနေခဲ့ရသော မြန်မာပြည်အစွန်အဖျားမှ ခရိုင်မြို့တစ်မြို့ဖြစ်သည်။

ဇွန် ၁၅ ရက်ညတွင် နေပြည်တော်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသည့် ဗြိတိန်ဘုရင်မကြီးမွေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်
(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျ ဖက်ဒရယ်တရားရုံးတို့၏ “တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ” လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာတရားစီရင်ရေးသည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန် ကတိပြုထားကြောင်း၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုကို မြှင့်တင်ခြင်းသည် မိမိတို့ဆောင်ရွက်နေသည့် ဦးစားပေး လုပ်ငန်းတစ်ခုဖြစ်ပြီး တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဤသဘောတူစာချွန်လွှာအရ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံတရားစီရင်ရေးအတွက် ပိုမို နားလည်မှုနှင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တရားစီရင်ရေးနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် တရားစီရင်ရေးပြောင်းလဲမှုလုပ်ငန်းစဉ်ကို အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဩစတြေးလျဖက်ဒရယ်တရားရုံး၊ တရားသူကြီးချုပ် James Leslie Bain ALLSOP AO က ဩစတြေးလျဖက်ဒရယ်တရားရုံးသည် ၁၉၇၇ ခုနှစ်မှစတင်၍ ကမ္ဘာအနှံ့ရှိ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ခဲ့ပြီး နိုင်ငံ ၅၀ ကျော်ရှိ တရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုသည် ခက်ခဲရှုပ်ထွေးသဖြင့် စိတ်ရှည်၍ မဆုတ်မနစ်ကြိုးပမ်းရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အပံ့ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဩစတြေးလျဖက်ဒရယ် တရားရုံး၊ တရားသူကြီးချုပ်တို့သည် “တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ”ကို လက်မှတ်ရေးထိုးကြသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel နှင့် UNDP Myanmar \ Country Director Mr. Toily Kurbanov တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့၏ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ကူညီဆောင်ရွက်ပေးမည့် ကိစ္စများကို ပြောကြားသည်။

နားလည်မှု စာချွန်လွှာအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းနှင့် ဆက်လက်လုပ်ဆောင်မည့် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများနှင့်အညီ လုပ်ငန်းအစီအစဉ်များကို နှစ်အလိုက်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

“တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ” လက်မှတ်ရေးထိုးပွဲ အခမ်းအနားပြီးနောက် Seminar on Leadership and Change Management နှင့် နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❁ *ကျောဖုံးမှ*

သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂ ပါ စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းတာဝန်များ ပုဒ်မခွဲ(ဈ)တွင် လမ်းဘေးဆိုင်များ ကြီးကြပ်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်ပါရှိသော်လည်း ကွမ်းယာဆိုင်များနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ခွင့်ပြုပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ပါဝင်ခြင်းမရှိကြောင်း၊ ၎င်းအကြောင်းကြားစာပါ ကယားပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၇(ဆ)အရ အရေးယူနိုင်ရန် ကွမ်းယာဆိုင် ဖွင့်လှစ်ရောင်းချခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းသည် အခြားပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းဆိုသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးမဝင်ကြောင်း တွေ့ရှိရမှုကို ဖော်ပြထားသည်။

အုပ်ချုပ်ရေးတာဝန်အဆင့်ဆင့် ထမ်းဆောင်လျက်ရှိသော တာဝန်ရှိသူများ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍လည်း “ပြည်သူလူထုအား အခွင့်အာဏာအသုံးချ၍ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုမူခြင်းများသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရများ၏ လုပ်ကိုင်ဆောင်ရွက်မှု နည်းလမ်းမဟုတ်သည့်အပြင် ဥပဒေစိုးမိုးရေးကို ကရုဏာတရားဖြင့်ယှဉ်၍ လုပ်ကိုင်ဆောင်ရွက်ကြရန် လမ်းညွှန်ချက်နှင့် ဆန့်ကျင်နေသည်”ဟု ဖော်ပြထားကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြုလုပ်ခဲ့သည့် မေ ၂၇ ရက် အစည်းအဝေးတွင်လည်း လုပ်ငန်းများ လုပ်ကိုင်ကြရာ၌ ဥပဒေစိုးမိုးရေးကို အလေးထားကြရန်၊ ဥပဒေပညာရှင်များ၏ အကြံပြုချက်များ ရယူဆောင်ရွက်ရန် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်များအား လမ်းညွှန်မှာကြားထားပြီးဖြစ်သည်ဟုလည်း ဖော်ပြထားကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ကွမ်း တံတွေးထွေးမှုများ လျော့နည်းကျဆင်းရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ လျော့နည်းကျဆင်းစေရေးအပါအဝင် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်း မပြုကြရန်၊ ပြည်သူလူထုအား အခမ့အနိုင်ကျင့်မှုများ အထူးသတိပြုရှောင်ကြဉ်ကြရန်နှင့် ဥပဒေစိုးမိုးရေးကို အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က စံနမူနာပြဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် အကြောင်းကြားပါကြောင်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

မြန်မာ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်သူများကို အမေရိကန်က ကူညီမည်

သတင်းဆောင်းပါး

တင်ဝင်းလေး (ကြည့်မြင်တိုင်)

မြန်မာနိုင်ငံမှ ပဲပုပ်စေ့စိုက်ပျိုးသူများ ပဲပုပ်စေ့မှ လူနှင့် တိရစ္ဆာန်စားသုံးကုန်ထုတ်လုပ်သူများကို အမေရိကန်နိုင်ငံပဲပုပ်စိုက်ပျိုးခြင်း၊ စက်ကိရိယာများ တပ်ဆင်ခြင်း၊ ထုတ်ကုန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများက အကူအညီပေးမည်ဖြစ်ကြောင်း ဇွန် ၈ ရက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဝင်းရှိ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၌ ကျင်းပသည့် ပဲပုပ်ထုတ်ကုန်ပစ္စည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

ယနေ့ ကမ္ဘာတစ်ဝန်း၌ ပဲပုပ်စေ့မှ ထုတ်လုပ်သော ပဲပုပ်ဆီနှင့် လူစားကုန်၊ တိရစ္ဆာန်အစားအစာများ သုံးစွဲလာမှု တန်ဖိုးများစွာ မြင့်တက်လာနေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ASA [American Soybean Association]WISHH [World Initiative For Soy In Human Health] မှ ဒါရိုက်တာတစ်ဦးဖြစ်သည့် Mr.Jirn Hershey က ယင်းအလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ပဲပုပ်စေ့စိုက်ပျိုးခြင်းကို မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတို့၌သာမက ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး ထိန်တော-မိုးညိုဒေသတို့၌ စိုက်ပျိုးမှုရှိနေကြောင်း သိရသည်။

အသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက “ ဒီပွဲက အမေရိကန်နိုင်ငံက ပဲပုပ်ဆီနဲ့ စားကုန်ထုတ်လုပ်မှု အမြင့်ဆုံးဖြစ်တဲ့ WISHH က ပညာရှင်တွေက ဟောပြောသွားမှာဖြစ်ပါတယ်။ စက်ပစ္စည်းတွေ ရောင်းချဖို့မဟုတ်ပါဘူး။ ကျန်းမာရေးနဲ့ညီတဲ့ ပဲပုပ်ဆီထုတ်လုပ်မှုအကြောင်းနဲ့ စက်ပညာပိုင်း၊ နည်းပညာပိုင်းတွေကို အဓိကထားပြောသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဒီလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူတွေနဲ့ ချိတ်ဆက်ပေးရုံသက်သက်ပါ” ဟု ရှင်းပြခဲ့သည်။

ပဲပုပ်မှ ထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ ရှမ်းပြည်နယ်တောင်ပိုင်း အေးသာယာစက်မှုဇုန်မှ ဥက္ကဋ္ဌ ဦးမြင့်ကြည်သို့ ဆက်သွယ်မေးမြန်းကြည့်ရာ “ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပဲပုပ်စေ့ကနေ စားသုံးကုန်အဖြစ် အဓိကထုတ်လုပ်နေတာက ပဲပြားတစ်မျိုးပဲဖြစ်ပါတယ်။ ရန်ကုန်က ပဲပြားထုတ်လုပ်သူတစ်ဦးဆို နေ့စဉ် ပိဿာ ၄၀၀၀ ကျော်လောက်ကို ထုတ်လုပ်ရောင်းချနေရပါတယ်။ ပဲပုပ်ဆီအနေနဲ့ကတော့ အောင်မြင်မှုမရရှိသေးပါဘူး။ အနံ့က စကားပြောတယ်။ စိမ်းရွှေရွှေအနံ့ကို မသတ်နိုင်သေးဘူး။ နောက်တိရစ္ဆာန်အစာနဲ့ပတ်သက်ပြီး ထုတ်လုပ်တာတော့ ရှိပါတယ်”ဟု ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပဲပုပ်မှ ထုတ်လုပ်မှု ပညာရှင်များ ဖြစ်ကြသော Mr.Jirn Hershey, Dr. Mian Riaz. Dave Alven.(Ph). Marielta- Ramos တို့က မျိုးစေ့နှင့် စိုက်ပျိုးထုတ်လုပ်မှု၊ စက်ကိရိယာများ အသုံးပြုနိုင်မှု အရည်အသွေးနှင့် ထုတ်လုပ်မှု နည်းပညာပိုင်းတွင် အနာဂတ်ကာလအတွက် ပဲပုပ်စေ့များ လိုအပ်လာမှုတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ယခုအခါ ပဲပုပ်စေ့ကို သိပ္ပံနည်းဖြင့် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးလာနိုင်ခဲ့ခြင်း ထုတ်လုပ်မှုနည်းပညာများကို တိုးတက်လာခြင်းကြောင့် အမေရိကန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ ပဲပုပ်ဆီစားသုံးမှုများမှာ ကမ္ဘာ့အဆင့်၌ ဒုတိယတန်းဝင်လာပြီဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲမှ သိခွင့်ရခဲ့သည်။

မြန်မာနိုင်ငံတွင် ပဲပုပ်စေ့ကို အဓိကအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ အများဆုံး စိုက်ကြပြီး တစ်နှစ်လျှင် ဧက ၃၀၀၀မှ ၅၀၀၀ အကြား စိုက်ပျိုးနေကြောင်းသိရသည်။ နိုင်ငံခြားပညာရှင် Mr.Jirn Hershey ၏ အဆိုအရ ရှမ်းပြည်နယ်တောင်ပိုင်း၌ ၂၀၁၃ ခုနှစ်က ထွက်ရှိမှုမှာ မက်ထရစ်တန်ချိန် ၂၆ သိန်းကျော် ထွက်ရှိမှုရှိကြောင်း ပြောကြားခဲ့သည်။ ပဲပုပ်စေ့မှထုတ်လုပ်မှုမှာ သိပ္ပံနည်းကျစနစ်တကျ ထုတ်လုပ်ပါက ကျန်းမာရေးနှင့် ညီညွတ်ပြီးဆိုးရွားသော-အနံ့အသက်ကင်းသည့် ပဲပုပ်ဆီအပြင် ကျန်သောပဲဖတ်မှာ ပြည့်ဝသော ပရိုတိန်းဓာတ်များ ပါဝင်သည့်အတွက် တိရစ္ဆာန်အစာအဖြစ် ကျွေးပါက ကြီးထွားမှုနှုန်းလျင်မြန်ကြောင်း သိခွင့်ရခဲ့သည်။

ယနေ့ကမ္ဘာတွင် ပဲပုပ်စေ့မှ ထုတ်ကုန်များမြင့်မားလာမှု၊ အရည်အသွေးကောင်းများ ရရှိလာမှုတို့ကြောင့် စားသုံးမှုပိုမိုလာခဲ့ပြီး နောင်ဆယ်စုနှစ်တစ်ခုအတွင်း ပဲပုပ်စေ့လိုအပ်မှုမှာ မက်ထရစ်တန်ချိန်သန်း ၈၀ ခန့်ရှိလာမည်ဖြစ်ကြောင်း Mr. Jirn Hershey က ထည့်သွင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအပြီး၌ ဆီစက်လုပ်ငန်းရှင်တစ်ဦးက“အဓိက မျိုးစေ့ကောင်းရဖို့ လိုပါတယ်။ ထုတ်လုပ်မှုအပိုင်းအနေနဲ့ သူတို့ ပြသွားတဲ့နည်းစနစ်နဲ့ စက်ပိုင်းဆိုင်ရာတွေကလည်း အလွန်ပဲကောင်းပါတယ်”ဟု သုံးသပ်ပြောကြားခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာကာကွယ်ရေး၊ မြေပြင်နှင့်ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ တက်ရောက်

နေပြည်တော် ဇွန် ၁၅

ပြင်သစ်နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇွန် ၁၃ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Eurosatory 2016 ပြပွဲသို့ ရောက်ရှိပြီး Nexter Group ကုမ္ပဏီပြခန်း A600 ပြင်ပပြကွက်အား လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Amphi Jean Teves ခန်းမ(၅)၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကာကွယ်ရေး၊ မြေပြင်နှင့်ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ Eurosatory 2016 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြင်သစ်ကာကွယ်ရေးဝန်ကြီး Jean-Yves Le Drian ကိုယ်စား Mr. Collet Billon က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် CNIM Group ကုမ္ပဏီပြခန်း၊ DCI Group ကုမ္ပဏီပြခန်းနှင့် Air Bus ကုမ္ပဏီပြခန်းများအား ကြည့်ရှုလေ့လာခဲ့သည်။

(မြဝတီ)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် အမေရိကန်နိုင်ငံသံရုံးမှ Deputy Chief of Mission, Ms.Kristen Bauer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



စီမံကိန်းရန်ပုံငွေ ဘတ် သန်း ၃၅၀ ဖြင့် တာချီလိတ်နှင့် မိုင်းဆတ်ဒေသတို့တွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ထိုင်းနိုင်ငံ တော်ဝင်တပ်မတော်မှ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးစင်တာ ညွှန်ကြားရေးမှူး General Singhasak Uthaimongkol ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသရှိ ပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို တိုးချဲ့ဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းအား ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ မယ်ဖားလုံဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ စီမံကိန်းရန်ပုံငွေ ဘတ် သန်း ၃၅၀ ဖြင့် တာချီလိတ်နှင့် မိုင်းဆတ်ဒေသတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗြိတိန်နိုင်ငံသံရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံသံရုံးမှ Director of UK Trade and Investment Mr. Douglas Barnes ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် International Narcotic Control Board (INCB) ဥက္ကဋ္ဌ Mr. Werner SIPP နှင့် အဖွဲ့အား မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

UK Trade and Investment မှ ဒါရိုက်တာ Mr. Douglas Barnes ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ British Council က ပို့ချပေးလျက်ရှိသော ဥပဒေအရာရှိများအတွက် အင်္ဂလိပ်စာသင်တန်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းသည့် သင်တန်းများ ပို့ချပေးနိုင်ရေးနှင့် ပညာသင်များ စေလွှတ်နိုင်ရေးကိစ္စများ၊ ဗြိတိန်နိုင်ငံ သံရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB) ဥက္ကဋ္ဌ Mr. Werner SIPP နှင့် တွေ့ဆုံဆွေးနွေးစဉ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (၃)ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်တွင်းဥပဒေများ ဆက်လက်ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေ၊ သင့်လျော်သည့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါရှိစေရေး၊ မူးယစ်ဆေးသုံးစွဲမှုနှင့်စပ်လျဉ်း၍ ပညာပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဥပဒေပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားပေးရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၁/၂၀၁၆)
၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၇၀၀၅ ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းတင်	အစား	ကြည်း ၂၀၇၄၄ ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်
(၂)	ကြည်း ၃၄၅၉၉ ဗိုလ်မှူး ရဲဝံ့ထက်	အစား	ကြည်း ၁၆၅၆၀ ဗိုလ်မှူးချုပ် ဝင်းကိုကို

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၂/၂၀၁၆)
၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၄)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်			
(၁)	ကြည်း ၃၆၃၁၂ ဗိုလ်ကြီး လွှမ်းမိုးအောင်	(အစား)	ကြည်း ၅၄၃၈၅ ဗိုလ်ကြီး သိန်းထိုက်
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်			
(၂)	ကြည်း ၃၅၉၀၆ ဗိုလ်မှူး ကောင်းသန့်ကျော်	(အစား)	ကြည်း ၂၇၉၁၉ ဗိုလ်မှူး အောင်မြတ်မင်း
(၃)	လေ ၂၈၂၂ ဗိုလ်မှူး အောင်ကိုမြင့်	(အစား)	လေ ၂၂၄၃ ဗိုလ်ကြီး/ဗိုလ်မှူး ကျော်အောင်
ရှမ်းပြည်နယ်လွှတ်တော်			
(၄)	ကြည်း ၃၁၂၅၈ ဗိုလ်မှူး အောင်နိုင်ထွန်း	(အစား)	ကြည်း ၃၉၃၂၂ ဗိုလ်မှူး ခင်လှဝင်း

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တစ်မူထူးသည့် အလှူ

ဆရာအာသာ

ဤအလှူကား ဝိသေသထူး၏။ အမျှော်တရားမပါသည့်အလှူ၊ အကြောက်တရားကင်းသည့်အလှူ၊ တာဝန်သိသည့်အလှူ၊ တာဝန်ယူသည့်အလှူ၊ ကွက်လပ်ဖြည့်သည့်အလှူ၊ စနစ်သစ်အလှူ၊ ခေတ်သစ်အလှူ၊ မိဘဆရာပူးပေါင်းသည့် အလှူ၊ အစိုးရနှင့်ပြည်သူကြည်ဖြူသည့်အလှူ စသည်စသည် အမည်နာမပေးစရာ ကုန်မည်မထင်အံ့။

အလှူနေရာသည်ကား အမှတ်(၂၀) အခြေခံပညာမူလတန်း(မူလွန်)ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလှူခံပုဂ္ဂိုလ်များသည်ကား လမ်းခင်းကျောက်လုပ်သားများ၊ အုတ်သဲကျောက်လုပ်သားများ၊ ဆားစက်လုပ်သားများ၊ ကားစက်ပြင်လုပ်သားများ၊ ဈေးသည်များစသည့် အခြေခံဝင်ငွေမျှသာရရှိကြသော မိဘများ၏ သားသမီးများဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်အတွင်းရှိ အမက (၂၀)၊ အမက(၂၁)နှင့် အမက(၂၄)တို့မှ မူလတန်း(KG) ရင်သွေးငယ်လေးများ ဖြစ်၏။ အလှူပစ္စည်းများသည်ကား၊ မူလတန်းစနစ်သစ် ပညာရေးလိုအပ်ချက်များ ဖြစ်သည့် သင်ထောက်ကူပစ္စည်းများပင်တည်း။

ကျောင်းနေအရွယ် ကျောင်းပျော်စေပြီး ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်သည့် စာရေးကိရိယာများ၊ ဆော့ကစားရင်း ပညာတိုးစေရန်နှင့် တီထွင်ဖန်တီးမှုကိုအားပေးမည့် ကလေးကစားစရာမျိုးစုံ၊ ဆရာ ဆရာမများ ထိရောက်စွာသင်ကြားနိုင်စေရန် တိုင်ကပ်နာရီ၊ အသံချဲ့စက်၊ အသံချဲ့ဟွန်း၊ စာအုပ်စင်၊ ၄၀ လက်မတီဗွီနှင့် DVD ဆက်စပ်ပစ္စည်းများ၊ ရင်သွေးငယ်လေးများ သက်သောင့်သက်သာချမ်းမြေ့စွာ သင်ယူနိုင်စေရန် ကတ္တီပါကော်ဇောများ၊ ပန်ကာများ၊ ရေအေးစက်၊ ဖိနပ်စင်၊ အမှိုက်ပုံး၊ သန့်ရှင်းရေးသုံးပစ္စည်းများ စုံလင်စွာပါဝင်၏။ ထောင့်စေ့အောင်မြော်မြင်၍ ဝယ်ယူလှူဒါန်းကြခြင်း ဖြစ်၏။

အလှူရှင်များသည်ကား သူဌေးသူကြွယ်ကြီးများမဟုတ်၊ ရပ်ကွက်အတွင်းနေ အခြေခံဝင်ငွေမျှသာ ရရှိကြသည့် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများဖြစ်ကြ၏။ ပြင်ပအလှူရှင်များထဲတွင် တစ်နိုင်တစ်ပိုင် အုတ်သဲကျောက် ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်းရှင်များ၊ ကြက်ဘဲဈေးမှ ဈေးသည်များ၊ ကွမ်းယာသည်၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များပင်ပါဝင်၏။ ဤအလှူသည်ကား ကိုယ်ချင်းစာမှု၊ အနစ်နာခံမှု၊ စည်းလုံးမှု၊ ပူးပေါင်းမှု၊ တာဝန်သိ တာဝန်ခံ တာဝန်ယူမှုတို့၏ အသီးအပွင့်ပေတည်း။

ဤအလှူသည်ကား အခြေခံပညာသူငယ်တန်း (KG) သင်ရိုးသစ်အား တိုက်ရိုက်အထောက်အကူပြုမည့် အလှူပင်တည်း။ ပြီးခဲ့သော နွေရာသီကျောင်းပိတ်ရက်များအတွင်း အနားမယူဘဲ သင်တန်းများစွာတက်ရောက်ပြီး သင်ရိုးသစ်ဖြင့် ရင်သွေးငယ်များအား စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားပေးခွင့်ကို ရင်ခုန်စွာ စောင့်မျှော်နေကြသော မူလတန်း ဆရာ ဆရာမများ၏ မျှော်လင့်ချက်တို့ ပိုမိုခိုင်မြဲစေမည့် အလှူပင်တည်း။

ကျောင်းသုံးဖတ်စာအုပ်များကိုအခြေခံပြီး ဘာသာရပ်များဖြင့် သင်ကြားခဲ့ကြသည့် ယခင်သင်ရိုးဟောင်းနှင့် လုံးဝကွဲပြားသည့် ကျောင်းသုံးဖတ်စာအုပ်မထားသော မူလတန်း(KG)သင်ရိုးသစ်အရ ဤသင်ထောက်ကူပစ္စည်းများသည် သင်ရိုးသစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မရှိမဖြစ်အရေးကြီးပါ၏။ သန့်ရှင်းအေးချမ်းသော ပတ်ဝန်းကျင်၌ ကလေးငယ်များပျော်ရွှင်စေရန်၊ ဉာဏ်ပညာဖွံ့ဖြိုးစေရန်၊ တီထွင်ဖန်တီးဉာဏ် ထက်သန်စေရန် အရေးတကြီးလိုအပ်နေပါ၏။

သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်၏ ရည်ရွယ်ချက်များမှာ

(၁) မိမိကိုယ်မိမိ ယုံကြည်အားထားသူများဖြစ်စေရန်၊
(၂) အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများဖြစ်စေရန်၊
(၃) စာရေး စာဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများ ဖြစ်လာရန်
(၄) မိမိပတ်ဝန်းကျင်အကျိုးကို ဆောင်ရွက်တတ်သူများဖြစ်လာရန်တို့ ဖြစ်၏။

ဤကောင်းမြတ်သည့်ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် သင်ရိုးသစ်တွင်

(၁) ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း၊
(၂) စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊
(၃) အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း က အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်

(၄) သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊
(၅) အနုပညာရသ ခံစားခြင်းနှင့်ဖန်တီးခြင်း၊
(၆) ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းစသည့် သင်ယူဖွံ့ဖြိုးမှုနယ်ပယ် ခြောက်ခုဖြင့် ဖွဲ့စည်းထားပြီး သင်ယူမှုရလဒ်ကောင်းများရရှိစေမည့်၊ ကလေးများ ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရင်း သင်ယူသွားကြမည့် ဤနည်းစနစ်သစ်ကို သင်တန်းဆင်း ဆရာ ဆရာမများက အကောင်အထည်ဖော်ဆောင်ကြမည်ဖြစ်ရာ သင်ထောက်ကူပစ္စည်းများ၏ အရေးပါမှုသည်ထင်ရှားပါ၏။ ထို့ကြောင့် ဤအလှူသည်ကား ထူးခြားလှပါ၏။ လိုအပ်နေသော ကွက်လပ်ကို တိတိကျကျဖြည့်စွမ်းနိုင်သည်ဟု မှတ်ယူနိုင်ပါ၏။

သို့ရာတွင် သင်ထောက်ကူပစ္စည်းများစုံလင်စွာ အသုံးပြုနိုင်ရေး၊ ပညာရေး ပထမခြေလှမ်းစတင်ကြမည့် ရင်သွေးငယ်များ ကျန်းမာချမ်းသာပျော်ရွှင်စွာ သင်ယူနိုင်ရေးတို့သည် ပညာရေးဝန်ကြီးဌာန၏ တာဝန်မဟုတ်ပေလော၊ အစိုးရသစ်၏ ဝတ္တရားမဟုတ်ပေလောဟု စောဒကတက်လိုက တက်နိုင်ပါ၏။ အနုတ်ပြနေသော နိုင်ငံတော်ဘဏ္ဍာတိုက်ကို အမွေဆက်ခံခဲ့ရသည့် အစိုးရသစ်အနေဖြင့်လည်း အခက်အခဲအကျပ်အတည်းများ ရှိနေသည့်ကြားက အခမဲ့အခြေခံပညာရေးစနစ် အကောင်အထည်ဖော်ခြင်း၊ စာအုပ် စာရေးကိရိယာ၊ ဝတ်စုံများ အခမဲ့ထောက်ပံ့ခြင်း၊ သင်ထောက်ကူပစ္စည်းများ တတ်နိုင်သလောက်ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးနေပါ၏။ သို့သော် ကျောင်းသားဗဟိုပြုသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသော ပြည်သူဗဟိုပြုသည့် အစိုးရသစ်သည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကူညီမှုမပါရှိဘဲ ဤကောင်းမွန်သည့် ပညာရေးစနစ်ကို မည်သို့မည်ပုံ အကောင်အထည်ဖော်နိုင်မည်နည်း။ အရေးတကြီးလိုအပ်နေသော တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ စီးပွားရေးအင်အားနည်းပါးသည့် ပုသိမ်ညွန့် ရပ်ကွက်ပြည်သူများက ဖြည့်ဆည်းပေးခဲ့ပြီး ပြည်သူ့အင်အားကို အထင်အရှားပြလိုက်ပြီဖြစ်ပါ၏။

ဤသည်ကား အလှူရေစက် လက်နှင့်မကွာစတမ်း သဒ္ဓါတရားပြည့်လျှမ်းသည့် မြန်မာပြည်သူပြည်သားများအတွက် ဖြည့်စရာကွက်လပ်တစ်ခုပါတည်း။ အလှူရှင်များကလည်း နှစ်စဉ် ဖြည့်ဆည်းလှူဒါန်းကြပါမည်ဟု ကတိပြုကြ၏။ ဆရာ ဆရာမများကလည်း ဤအလှူပစ္စည်းများကို အမှန်တကယ် ထိန်းသိမ်းအသုံးပြုပြီး ပျော်ရွှင်ဖွယ်၊ ချမ်းမြေ့ဖွယ် သင်ကြားရေးပတ်ဝန်းကျင်၌ နာသုံးနာအခြေခံ၍ အကြောက်တရားများ၊ ဖိအားများကင်းစင်သည့် တက်ကြွလန်းဆန်း ဉာဏ်ရည်လျှမ်းမည့် ရင်သွေးငယ်များဖြစ်အောင် ပြုစုပျိုးထောင်ကြမည်ဖြစ်ပါ၏။ မိဘများဘက်မှလည်း မိမိသားသမီး၏ သင်ယူမှုရလဒ်များကောင်းအောင် ဆရာ ဆရာမများနှင့် ပုံမှန်ဆွေးနွေးခြင်း ပံ့ပိုးပူးပေါင်းဆောင်ရွက်ခြင်းများ ပြုကြမည်ဟု ကတိပြုကြပါ၏။

ဤအလှူသည်ကား တစ်မူထူးပါ၏။ နိုင်ငံတော်တည်ဆောက်ရေးအတွက် မျှော်လင့်ချက်တစ်ခုဖြစ်သည်ဟု ဆိုချင်ပါ၏။ ပြည်သူနှင့်အစိုးရတို့အတွက် လိုအပ်နေသော အားဆေးတစ်ခွက် ဖြစ်သည်ဟုလည်း ဆိုချင်ပါ၏။

ဤအလှူဖြစ်မြောက်အောင် ကနဦးစည်းရုံးလှုံ့ဆော်ပေးကြသော မင်္ဂလာတောင်ညွန့်မြို့နယ်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အကောင်အထည်ဖော်ပေးသော ရပ်မိရပ်ဖများ၊ ပံ့ပိုးကူညီကြသော မြို့နယ်နှင့် ရပ်ကွက်အဆင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ နိုင်ငံတစ်ဝန်းလုံးမှ မိဘ ဆရာ ဆရာမများ အားလုံးအား ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုလိုပါ၏။ ဤထူးခြားမွန်မြတ်လှသည့် အလှူများ၊ နိုင်ငံအနှံ့အပြား၌ ဆက်လက်ပေါ်ပေါက်လာစေကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါ၏။ ပျော်ရွှင်သွက်လက် ဉာဏ်ရည်ထက်သည့် နိုင်ငံတော်နှင့် မိဘပြည်သူများ အားကိုးရမည့် လူချွန်လူကောင်းများ မွေးထုတ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါ၏။

ဤအလှူသည်ကား တစ်မူထူးပါ၏။ နိုင်ငံတော် တည်ဆောက် ရေးအတွက် မျှော်လင့်ချက်တစ်ခုဖြစ်သည် ဟု ဆိုချင်ပါ၏။ ပြည်သူနှင့် အစိုးရတို့အတွက် လိုအပ်နေ သော အားဆေးတစ်ခွက်ဖြစ်သည်ဟုလည်း ဆိုချင်ပါ၏။

ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာ အစ္စရာ ဟူစိန်အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်အစ္စလာမ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာ အစ္စရာ ဟူစိန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ အစ္စရာ ဟူစိန်သည် ၁၉၆၄ ခုနှစ်တွင် မွေးဖွား၍ ဆေးဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ကို ရရှိထားသည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှစတင်၍ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆော်ဒီအာရေဗျနိုင်ငံ၊ ပိုလန်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့ရှိ ပါကစ္စတန်သံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ လက်ရှိ အချိန်အထိ လန်ဒန်မြို့ရှိ ပါကစ္စတန် မဟာမင်းကြီးရုံး၌ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၌ တရုတ်ဘာသာစကားပြောသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၅

နှစ်နိုင်ငံဘာသာစကားများ နားလည်တတ်ကျွမ်းခြင်းဖြင့် နှစ်နိုင်ငံပြည်သူချင်း ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ သင်တန်းကာလ ခြောက်လကြာမြင့်မည့် တရုတ်ဘာသာစကား သင်တန်းကို ယမန်နေ့ ညနေပိုင်းက စတင်ဖွင့်လှစ်သည်။

"ဘာသာစကားအမျိုးမျိုးတတ်ကျွမ်းတာဟာ အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ တတ်လို့ အကျိုးယုတ်တယ်ဆိုတာ မရှိပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနတွေဟာ နိုင်ငံတကာနဲ့ ပိုပြီးဆက်ဆံလာရတယ်။ ဒီတော့ အင်္ဂလိပ်ဘာသာစကား စတဲ့ ဘာသာစကားကျွမ်းကျင်မှုတွေဟာ အရေးပါလာတယ်။ အခုကတော့ သင်တန်းပေးဖို့ တရုတ်သံရုံးနဲ့ ဆက်သွယ်ဖွင့်လှစ်တာ ဖြစ်ပါတယ်။ နောက်ထပ် ဂျပန်ဘာသာစကားသင်တန်းဖွင့်ဖို့လည်း ရည်ရွယ်ထားပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သင်တန်းနှင့် ပတ်သက်၍ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ချိန်ပြင်ပ ညနေ ၆ နာရီ မှ ည ၈ နာရီအထိ သင်ကြားမည်ဖြစ်ပြီး တစ်ပတ်လျှင် တနင်္လာနေ့မှ ကြာသပတေးနေ့အထိ ခြောက်လတာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုသင်တန်း ဖွင့်

ဘီးလင်း ဇွန် ၁၅

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် ပထမ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်ဝင်ရာတွင် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၁၆)ဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက်က မြို့နယ်စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က သင်တန်းဖွင့်အမှာစကားပြောသည်။ ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးမှူးက စက်ယန္တရားများ၏ အသုံးဝင်မှုများကို လိုက်လံရှင်းလင်းပြသခဲ့သည်။ အဆိုပါသင်တန်းသို့ ဒေသခံတောင်သူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန် / ဆက်)

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာအကြီးအကဲက လက်နက်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အလေးအနက်ထားဆောင်ရွက်ရန် အမေရိကန်ကို တိုက်တွန်း

ဂျီနီဗာ ဇွန် ၁၅

အမေရိကန်တောင်ပိုင်း ဖလော်ရီဒါ၌ အစုလိုက်အပြုံလိုက် သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာအရာရှိများက လက်နက်ကိုင်ဆောင်မှုနှင့် ပတ်သက်၍ ထိန်းချုပ်မှုများကို အလေးအနက်ထားဆောင်ရွက်ရန် အမေရိကန်အာဏာပိုင်များကို တောင်းဆိုခဲ့သည်။

အင်္ဂါနေ့က ဖော်ပြသည့်ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Zeid Ra' ad Hussein ကလက်နက်ထိန်းချုပ်မှုကို လုံလောက်စွာ မဆောင်ရွက်နိုင်ခြင်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများကို တားဆီးရန် ပြည်သူလူထုကို ကာကွယ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းမှုများဆောင်ရွက်နိုင်ရေးအမေရိကန် အာဏာပိုင်များကို တိုက်တွန်းထားသည်။

အော်လန်ဒိုရှိနိုက်ကလပ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ၄၉ ဦးသေဆုံးပြီး ၅၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်၏သမိုင်းတွင် အဆိုးရွားဆုံးသော သေနတ်ပစ်ခတ်မှုပင်ဖြစ်သည်။ ခိုင်မာပြည့်စုံသည့် လက်နက်ထိန်းချုပ်ရေးစည်းမျဉ်းစည်းကမ်းများ မပြဋ္ဌာန်းမီ ကျောင်းသားများနှင့်ဂီတပညာရှင်ဘယ်လောက်များများ အသက်ဆုံးရှုံးရဦးမည်နည်း ဟု ၎င်းက မေးခွန်းထုတ်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက အမေရိကန်နိုင်ငံ၌ လက်နက်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အစဉ်တစိုက်ဝေဖန်ခဲ့သည်။

(အင်န်အတ်ချ်ကေ)

တိုကျိုအုပ်ချုပ်ရေးမှူးနုတ်ထွက်စာတင်

တိုကျို ဇွန် ၁၅

ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည့်တိုကျိုအုပ်ချုပ်ရေးမှူး ယိုအိချိမာဆူဇိုအဲသည် ရာထူးမှနုတ်ထွက်ရန် လျှောက်လွှာတင်သွင်းခဲ့ကြောင်း သိရသည်။

၎င်းသည် အားလပ်ရက်ကာလအတွင်း အစိုးရရန်ပုံငွေများသုံးစွဲခဲ့ခြင်းနှင့် ထိုငွေများဖြင့် ၎င်း၏ ကလေးငယ်များအတွက် ရုပ်ပြစာအုပ်များဝယ်ယူရာတွင် အသုံးပြုခဲ့သည့်အတွက် ပြည်သူများ၏ ပြင်းထန်စွာဝေဖန်မှုနှင့်လည်း ရင်ဆိုင်နေရသူဖြစ်သည်။

၎င်းနုတ်ထွက်သည့်စာကို တိုကျိုမြို့ လူထုဥက္ကဋ္ဌထံ ဗုဒ္ဓဟူးနေ့က ပေးပို့ခဲ့ပြီး လာမည့်အပတ် အင်္ဂါနေ့တွင် ၎င်းရာထူးမှ နုတ်ထွက်မည်ဟု ခန့်မှန်းရသည်။

တနင်္လာနေ့၌ ၎င်းသည် မြို့ရှိ လူထုစုဝေးပွဲမှ အကြီးအကဲအဖွဲ့ဝင်များ၏ မေးခွန်းများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ အကြီးအကဲအဖွဲ့ဝင်များသည် ရန်ပုံငွေ အလွဲသုံးစားလုပ်မှုနှင့်ပတ်သက်၍ အသေးစိတ်အကြောင်းအရာများကို သိရှိလိုသည်။

သို့သော် မာဆူဇိုအဲက အသေးစိတ်ကို ဖော်ထုတ်ရန် ငြင်းဆိုထားသည်။ ယခုအခါ တိုကျိုရွေးကောက်ပွဲကော်မတီက အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ရာတွင် မဲပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြရန်ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

မာဆူဇိုအဲကမူ တရားဥပဒေချိုးဖောက်သည်ဟူသော အချက်ကို ငြင်းဆိုခဲ့သည်။ သို့သော် ဖောဖောသီသီသုံးစွဲနေကြသည့် ၎င်း၏ ပတ်ဝန်းကျင်၌ သေးငယ်သော ကျင့်ဝတ်ဆိုင်ရာချိုးဖောက်မှုကို ပြုလုပ်ခဲ့သည်ဟူ၍ ဝန်ခံခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အသက် ကိုးနှစ်အရွယ် ဩစတြေးလျ အက်ပ်ဒဗလော့ဗာသမားတစ်ဦးကို အက်ပဲလ်စီအီးအို ချီးကျူး

မဲလ်ဘုန်း ဇွန် ၁၅

ဆန်ဖရန်စစ္စကိုတွင် ကျင်းပသော ကမ္ဘာ့ဒဗ လော့ဗာ မျက်နှာစုံညီအစည်းအဝေး (World Wide Developers Conference-WWCD) တွင် အသက် ကိုးနှစ်အရွယ် မဲလ်ဘုန်းကျောင်းသူတစ်ဦး ဖြစ်သူ အန်ဗီတာ ဗီဂျေးသည် အက်ပဲလ် စီအီးအို (အမှုဆောင် အရာရှိချုပ်) တင်မ်ကွခ်၏ မျက်စိကျစရာလူတစ်ဦး ဖြစ်ရုံသာမက ချီးကျူးခြင်းခံခဲ့ရသူလည်း ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇွန် ၁၅ရက်က ဖော်ပြခဲ့သည်။



အက်ပဲလ်ဒဗလျူဒဗလျူစီဒီသို့ ဖိတ်ကြားခြင်းခံရသော ကျောင်းသား ကျောင်းသူ ၃၅၀ရှိသည့် အနက် ဗီဂျေးသည် တင်မ်ကွခ်၏မိန့်ခွန်းတွင် ကမ္ဘာကြီးအတွက် အလားအလာကောင်းသော ငယ်ရွယ်သည့် အက်ပ်ဒဗလော့ဗာ (App Developer) တစ်ဦး အဖြစ် ချီးကျူးဖော်ပြခံရသည့် ကျောင်းသူတစ်ဦးဖြစ်သည်။

တင်မ်ကွခ်က ဗီဂျေးသည် အလွန်ကောင်းသော အက်ပ်ဒဗလော့ဗာ (App Developer) တစ်ဦးဖြစ်လာမည့်သူဖြစ်ကြောင်း အစည်းအဝေးအစတွင် ဖော်ပြခဲ့သည်။

ဗီဂျေးသည် ကုဒ်များ မည်သို့ရေးဆွဲရမည်ကို ယူကျူဗီဒီယို များတွင် လေ့လာပြီးနောက် အက်ပ်များရေးဆွဲခြင်းကို အသက်ခုနစ်နှစ်ကတည်းက ပြုလုပ်ခဲ့သူဖြစ်သည်။

၎င်းက အက်ပ်ဒဗလော့ဗာသမား တစ်ဦးဖြစ်ချင်ကြောင်း၊ သို့မှသာ ကမ္ဘာကြီးတွင် မတူကွဲပြားမှုများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဗီဂျေးက ပြောခဲ့သည်။

၎င်းသည် အိုင်ဖုန်း (iPhone) နှင့် အိုင်ပက်ဒ် (iPad) တို့အတွက် အက်ပ် နှစ်ခုကိုတီထွင်ပေးပြီးနောက် ယခုနှစ် အစည်းအဝေးသို့ ဖိတ်ကြားခြင်းခံရသည့် အငယ်ဆုံး အစည်းအဝေးတက်ရောက်သူ ဖြစ်သည်။

လွန်ခဲ့သောနှစ်က ပထမဆုံး ပညာရေးဆိုင်ရာ အက်ပ်တစ်ခုဖြစ်သည့် ဂိုးလ်ဟိုင်းအက်ပ်ဖြင့် အောဇ်အက်ပ်ဆုကို ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၀၀၀ ရရှိခဲ့သည်။ ယခုကျင်းပပြုလုပ်သော အစည်းအဝေးသည် ယခုအပတ်နှောင်းပိုင်းတွင် ပြီးဆုံးမည်ဖြစ်ရာ ၎င်းနှင့် ၎င်း၏မိသားစုကို ဒစ္စနေးအပန်းဖြေစခန်းသို့ အလည်လာရန် ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။

(ဆင်ဟွာ)

ဆစ်ဒနီ၌ လူမှုမီဒီယာဝက်ဘ်ဆိုက်များပေါ် အကြမ်းဖက်မှုများကျူးလွန်ရန် ပြုလုပ်သည့် လူငယ်ကို တရားစွဲထား

ဆစ်ဒနီ ဇွန် ၁၅

အသက် ၁၇နှစ်အရွယ် လူငယ်တစ်ဦးသည် အကြမ်းဖက်မှုဖြင့် တရားစွဲဆိုခံထားရကြောင်း ဇွန် ၁၅ ရက်တွင် နယူးဆောက်သ်ဝေးလ်ပြည်နယ်ရဲများက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

လူမှုမီဒီယာ ဝက်ဘ်ဆိုက်များပေါ်တွင် အကြမ်းဖက်မှုဆိုင်ရာ သတိပေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ရဲများက ၎င်းကို ဖမ်းဆီးခဲ့သည်။

၎င်းကို ဆစ်ဒနီအနောက်တောင်ရဲစခန်းက ဖမ်းဆီးခေါ်ဆောင်သွားပြီး အင်္ဂါနေ့ညက တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။ အကြမ်းဖက်မှုများကို ပြုလုပ်ရန် ကြိုတင်စီစဉ်ခြင်းသို့မဟုတ် အစီအစဉ်ချမှတ်ခြင်းဖြင့် အကြမ်းဖက် အက်ဥပဒေစွဲချက်ဖြင့် တရားစွဲဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်များကို ပြင်းထန်သော ပြစ်မှုများကျူးလွန်ရန် အသုံးပြုခဲ့သည့်အတွက်လည်း စီတီအိတ်ချ်ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် တရားစွဲဆိုခြင်းကိုလည်း ထပ်မံ ခံရသေးသည်။

၎င်းကို ဆစ်ဒနီကလေးတရားရုံး၌ ဇွန် ၁၅ ရက်တွင် စတင်ကြားနာ စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

ဒစ္စနေးအပန်းဖြေစခန်း၌ ကလေးငယ်အား မိကျောင်းဆွဲ

ဖလော်ရီဒါ ဇွန် ၁၅

ဒစ္စနေးအပန်းဖြေစခန်းအနီး၌ နှစ်နှစ်သားအရွယ်ကလေးငယ်ကို ခေါင်းတိုမိကျောင်းတစ်ကောင်က ရေထဲသို့ဆွဲချသွားသည့်အတွက် ရဲများက လိုက်လံရှာဖွေခဲ့သည်။ အင်္ဂါနေ့နှောင်းပိုင်းက ဖလော်ရီဒါရှိ ဒစ္စနေးအပန်းဖြေစခန်း၌ ကမ်းခြေပေါ်တွင် ကလေးငယ်ရှိနေစဉ် ရေထဲသို့ ဆွဲချသွားခြင်း ဖြစ်သည်။

ကလေးငယ်၏ဖခင်က ရေထဲသို့ငုပ်ကာ ကလေးငယ်ကိုပြန်လည်ဆွဲတင်နိုင်ရေးကြိုးပမ်းခဲ့သည်။ အလားတူ ရဲတပ်ဖွဲ့ဝင် ၅၀ ခန့်နှင့် တောရိုင်းတိရစ္ဆာန်ကျွမ်းကျင်သူများက ကလေးငယ်ကို ပြန်လည်ရှာဖွေရေးကြိုးပမ်းနေကြသည်။

၎င်းတို့မိသားစု၌ ကလေးငယ် သုံးဦးရှိပြီး နီဘရာစကာမှ လာရောက်အပန်းဖြေကြခြင်းဖြစ်သည်။ ယင်းအပန်းဖြေစခန်းကို ဒစ္စနေးက ပိုင်ဆိုင်သည်။ ယင်းဖြစ်ရပ်ကြောင့် ဒစ္စနေးကုမ္ပဏီက များစွာကြေကွဲရကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဖလော်ရီဒါ၌ စိုစွတ်ပြီး စိမ့်မြေများပေါများခြင်း၊ မြစ်ချောင်း၊ ရေကန်များပေါများခြင်းကြောင့် ခေါင်းတိုအမျိုးအစား မိကျောင်းများရှင်သန်ပေါက်ပွားသည်။

၁၉၄၈ ခုနှစ်မှစ၍ ဖလော်ရီဒါ၌ မိကျောင်းကိုက်၍ သေဆုံးသူ ၂၂ ဦးအထိရှိကြောင်း သိရသည်။

(ဘီဘီစီ)

တရုတ်သင်္ဘောတစ်စင်း ဂျပန်ရေပိုင်နက်ထဲသို့ဝင်ရောက်

တိုကျို ဇွန် ၁၅

တရုတ်ရေတပ်သင်္ဘောတစ်စင်း ဂျပန်နိုင်ငံ ကာဂိုရှီမာ စီရင်စုအနောက်တောင်ဘက်ကမ်းလွန်ရှိ ဂျပန်ရေပိုင်နက်ထဲသို့ ခဏတာဝင်ရောက်ခဲ့ကြောင်း ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ် ၂၀၀၄ ခုနှစ်က ဝင်ရောက်မှုပြုပြီးနောက် ယခုဝင်ရောက်မှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း ပြောခဲ့ သည်။

ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ပီ-၃ စီ ကင်းထောက်လေယာဉ်သည် နံနက် ၃ နာရီ မိနစ် ၃၀ တွင် ယင်းရေယာဉ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ရယူခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ အရာရှိများက ပြောခဲ့သည်။

ယင်းရေယာဉ်သည် နောက်ပိုင်းတွင် အရှေ့တောင်ဘက်ယွန်းယွန်းသို့ ထွက်ခွာသွားပြီး ရာကူရှီမာကမ်းလွန် ဂျပန် ရေပိုင်နက်မှ မိနစ် ၉၀ ကြာပြီး နံနက် ၅ နာရီတွင် ထွက်ခွာသွားခဲ့ကြောင်း အရာရှိများက ဆက်လက်ပြောခဲ့သည်။

(ရိုက်တာ)

ကြမ်းတမ်းသည့် ခရီးကို တစ်ကိုယ်တည်းဖြတ်ကျော်နေရသည့် အာဖရိကမှ ကလေးငယ်များ

ချြူးစန္ဒီနွေး

လွန်ခဲ့တဲ့နှစ်တွေအတွင်း ကမ္ဘာ့မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူထားနိုင်တဲ့ သတင်းကတော့ ဥရောပမှာရောက်ရှိနေတဲ့ ဒုက္ခသည်ပဋိပက္ခပဲဖြစ်ပါတယ်။ ပြည်တွင်းမှာ မငြိမ်မသက်ဖြစ်နေတဲ့ နိုင်ငံရေးပဋိပက္ခတွေနဲ့ စစ်ပွဲတွေကြောင့် ဆီးရီးယား၊ အီရတ်နဲ့ အာဖဂန်နစ္စတန်မှာရှိတဲ့ စစ်ပြေးဒုက္ခသည်တွေဟာ မြေထဲပင်လယ်ကိုဖြတ်ပြီး ဂရိနိုင်ငံ အထိရောက်အောင် ကြိုးပမ်းကြတယ်။ သတင်းထောက်တွေနဲ့ ဓာတ်ပုံဆရာတွေဟာ သူတို့ရဲ့ခရီးစဉ်ကို မှတ်တမ်းရယူပြီး မီဒီယာစာမျက်နှာတွေပေါ်မှာ ဖော်ပြကြတယ်။

သို့ပေမယ့် သတင်းထောက်တွေ၊ ဓာတ်ပုံဆရာတွေနဲ့အခြားသော မီဒီယာတွေ သတင်းဖော်ပြဖို့ မေ့လျော့နေတဲ့လူသားချင်းစာနာ ထောက်ထားရမယ့်တခြားအကြောင်းတွေလည်း ရှိနေပါသေးတယ်။ ဆီးရီးယား၊ အီရတ်နဲ့အာဖဂန်နစ္စတန်က ဒုက္ခသည်တွေကို ကမ္ဘာ့မီဒီယာတွေက အလေးပေးဖော်ပြနေပေမယ့် အာဖရိကက ထွက်ပြေးလာတဲ့ဒုက္ခသည်တွေကတော့ လျစ်လျူရှုခံနေရပါတယ်။ လွန်ခဲ့တဲ့နှစ်က အာဖရိကကနေ အီတလီကို ထွက်ပြေးလာတဲ့ ဒုက္ခသည်အရေအတွက်ဟာ အကြမ်းဖျင်းပြောရမယ်ဆိုရင် ၂၀၀၀,၀၀၀ နီးပါးရှိပါတယ်။ ဒီနှစ်အတွင်းမှာပဲ ဝေးကွာရှည်လျားလှတဲ့ ရေကြောင်းခရီးကို ဖြတ်သန်းရင်းလူ ၂၀၀၀ခန့် သေဆုံးခဲ့ရပါတယ်။

နိုင်ဂျီးရီးယား၊ ဂမ်ဘီယား၊ ဆိုမာလီ၊ အိုင်ဗရီကို့(စ်) နဲ့ ဂါနာတို့မှာရှိတဲ့ ဒုက္ခသည်အချို့ဟာ စစ်ပွဲတွေကနေလွတ်အောင် ထွက်ပြေးခဲ့ကြတာပါ။ သို့ပေမယ့် တချို့ကတော့ ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ခြစားမှုတွေ၊ တခြားသောပြဿနာ အခက်အခဲတွေကနေ လွတ်မြောက်အောင်ထွက်ပြေးဖို့ကြိုးစားခဲ့ကြတာပါ။ သူတို့တွေ အီတလီနိုင်ငံက စစ်စလီကျွန်းကိုရောက်တဲ့အခါမှာတော့ သူတို့ရဲ့လိုအပ်ချက်တွေကို ဖြည့်စွမ်းမပေးနိုင်တဲ့ဝန်နဲ့အား မမျှတဲ့စနစ်တွေနဲ့ ကြုံရတော့တာပါပဲ။

နိုင်ဂျီးရီးယားကနေထွက်ပြေးလာတဲ့အသက် ၁၇ နှစ်အရွယ်မိန်းကလေးက သူထွက်ပြေးလာရတဲ့အကြောင်းအရင်းကို ရိုးရိုးလေးပဲပြောပြခဲ့ပါတယ်။ "အခြားအရာတွေ အားလုံးကိုသည်းခံနိုင်ပေမယ့် ကိုယ့်အဖေထက်တောင်အသက်ကြီးတဲ့ အသက် ၄၀ အရွယ်လူကြီးနဲ့လက်ထပ်ပေးမှာကိုတော့ ကျွန်မသည်းမခံနိုင်ပါဘူး။ လက်မထပ်ချင်ဘူးလို့ အဒေါ်ကိုပြောပြတော့ သူကကျွန်မကို အဆိပ်ကျွေးသတ်မယ်လို့ပြောတယ်။ ဒါနဲ့ပဲ ကျွန်မထွက်ပြေးလာခဲ့တာပဲ"လို့ စစ်စလီရှိ ဒုက္ခသည်စခန်းမှာရောက်ရှိနေတဲ့ နိုင်ဂျီးနီးယားမိန်းကလေးငယ်က ပြောတယ်။

ပိ(စ်)လို့ခေါ်တဲ့ မိန်းကလေးဟာ နိုင်ဂျာကို ဖြတ်သန်းပြီး လူမှောင်ခိုတွေဆီရောက်တယ်။ လူမှောင်ခိုသမားတွေက ကုန်တင်ကားတွေနဲ့အပြည့် အသိပ်တင်ပြီး လစ်ဗျားကိုဖြတ်တယ်။ လူတချို့ကတော့ သဲကန္တာရထဲမှာပဲသေကုန်ကြတယ်။ သေနေတဲ့ အလောင်းတွေတင်မကဘူး အရိုးစုတွေထိတောင်တွေ့ခဲ့ရတယ်လို့ ပိ(စ်)က သူ့ရဲ့အတွေ့အကြုံကို ပြောပြခဲ့တယ်။ လစ်ဗျားကိုရောက်တော့လည်း သုံးစရာ ရေမရှိ၊ စားစရာအလုံအလောက်မရှိ အဝတ်လဲစရာမရှိတဲ့အခန်းလေးထဲမှာ ခြောက်ပတ်ကြာအောင် ပိ(စ်)တို့နေခဲ့ရပါတယ်။

လစ်ဗျားနိုင်ငံဟာ ရွှေ့ပြောင်းလုပ်သားတွေအပေါ်ဆက်ဆံတဲ့နေရာမှာ ကြမ်းတမ်းပါတယ်။ ယောကျ်ားကလေးတွေဟာဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ အလုပ်ရပြီး တစ်နေ့ကို ငါးဒေါ်လာပဲရပါတယ်။ မိန်းကလေးတွေကတော့ လိင်လုပ်သားအဖြစ် အတင်းအကျပ်ဖိအားပေးခိုင်းစေခံရပါတယ်။ သူတို့လေးတွေအားလုံးဟာ ကလေးတွေပဲရှိကြပါသေးတယ်လို့ စစ်စလီရှိ ဒုက္ခသည်စခန်းသို့ရောက်ရှိနေသူ အရှေ့အာဖရိကမှထွက်ပြေးလာတဲ့ ဆန်ဂါက ပြောတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလထိ ကလေး ၃၀၀၀ ခန့်ဟာ ရေလမ်းခရီးကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ မိဘဆွေမျိုးသားချင်းတွေမပါဘဲ ကလေးတွေချည်းကျော်ဖြတ်လာတဲ့ ခရီးကြမ်းပါ။ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့အခြေချနေထိုင်သူများ အဖွဲ့အစည်းရဲ့ ဖော်ပြချက်အရ ယခုနှစ်မှာလည်း ကလေးငယ် ၇၀၀၉ ဦးဟာ ရွှေ့ပြောင်းအခြေချနေထိုင်ဖို့ ပင်လယ်ပြင်ကို ဖြတ်သန်းခဲ့ကြပါတယ်။ ပြောင်းရွှေ့နေထိုင်မှုနှုန်းဟာ ၁၂၉ ရာခိုင်နှုန်းထိ မြင့်တက်လာ . . .

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလထိ ကလေး ၃၀၀၀ ခန့်ဟာ ရေလမ်းခရီးကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ မိဘဆွေမျိုးသားချင်းတွေမပါဘဲ ကလေးတွေချည်းကျော်ဖြတ်လာတဲ့ ခရီးကြမ်းပါ။ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့အခြေချနေထိုင်သူများအဖွဲ့အစည်းရဲ့ ဖော်ပြချက်အရ ယခုနှစ်မှာလည်းကလေးငယ် ၇၀၀၉ ဦးဟာ ရွှေ့ပြောင်းအခြေချနေထိုင်ဖို့ ပင်လယ်ပြင်ကို ဖြတ်သန်းခဲ့ကြပါတယ်။ ပြောင်းရွှေ့နေထိုင်မှုနှုန်းဟာ ၁၂၉ ရာခိုင်နှုန်းထိ မြင့်တက်လာတာပါ။

အာဖရိကကနေ ပြောင်းရွှေ့လာတဲ့ ဒုက္ခသည်တွေအီတလီကိုရောက်ရှိလာတဲ့အခါမှာ ဘယ်လိုမျိုးဘဝတွေကိုပိုင်ဆိုင်မှာလဲ။ ဘယ်သူမှအတိအကျမသိကြပါဘူး။

အာဖရိကရွှေ့ပြောင်း အခြေချနေထိုင်သူတွေကိုထားတဲ့ ဒုက္ခသည်စခန်းတွေကို လေ့လာဖို့ သတင်းထောက်တွေက ခွင့်တောင်းခဲ့ပေမယ့် ဒေသခံအာဏာပိုင်တွေကတော့ မသိမသာပဲနေခဲ့ပါတယ်။ သူတို့အကြောင်း မှတ်တမ်းရိုက်ကူးခွင့်ရ ပေမယ့် ကျွန်းပတ်ပတ်လည်မှာသောင်တင်လာတဲ့ လူတွေနဲ့တော့ စကားပြောဆိုခွင့် မရခဲ့ပါဘူး။ အာဖရိကက ဒုက္ခသည်တွေဟာ ဥရောပကမ်းခြေတွေကို အလွန်ပဲ ရောက်ချင်ကြပါတယ်။ ဒါပေမယ့် ဥရောပကမ်းခြေ ကနေတစ်ဆင့်ကုန်းမြေပေါ်ကို ခြေချပြီးတဲ့နောက်ဘာတွေ ဆက်ဖြစ်ဦးမယ်ဆိုတာကိုတော့ ဘယ်သူမှမှန်းဆကြည့်လို့ မရနိုင်ပါဘူး။

ယူနီဆက်က ဒုက္ခသည်စခန်းနှစ်ခုကို လေ့လာခွင့်ပေးခဲ့ပါတယ်။ တစ်ခုကတော့ စစ်စလီရဲ့ဆိပ်ကမ်းမြို့ဖြစ်တဲ့ မီနီယိုရဲ့ အပြင်ဘက်မှာရှိပါတယ်။ အရင်တုန်းကတော့ အမေရိကန်တပ်ဖွဲ့ရဲ့ အခြေစိုက်စခန်းတစ်ခုဖြစ်ခဲ့ဖူးပါတယ်။ အဲဒီစခန်းမှာလူပေါင်း ၃၀၀၀ကျော်ရှိပါတယ်။ နိုင်ဂျီးနီးယားကလာတဲ့ လူအများစုရှိပါတယ်။ ဒုက္ခသည်စခန်းမှာရှိတဲ့ကလေးတွေဟာ လူတွေ မသုံးတော့ဘဲ စွန့်ပစ်ထားတဲ့လူသုံးကုန်ပစ္စည်းတွေနဲ့ ကစားနေကြပြီး ဆယ်ကျော်သက်တွေကတော့ လမ်းဘေးတွေမှာ သီချင်းနားထောင်နေကြပါတယ်။

ဒုက္ခသည်စခန်းမှာလေ့လာခွင့်ပြုခဲ့ပေမယ့် အဲဒီမှာရှိတဲ့လူတွေ၊ အသုံးအဆောင်ပစ္စည်းတွေနဲ့၊ အတွင်းပိုင်းအပြင်အဆင်တွေကိုတော့ ဓာတ်ပုံရိုက်ခွင့်မရခဲ့ပါဘူး။ ဘေးနားက အစောင့်တစ်ယောက်မပါဘဲနဲ့လည်း ဒုက္ခသည်တွေနဲ့စကားပြောခွင့်မပြုပါဘူး။ ဒုက္ခသည်ထဲကအချို့ကတော့ အရွယ်ရောက်နေကြပါပြီ။ ကလေးတွေချည်းပဲ မဟုတ်တော့ပါဘူး။ သူတို့ကြုံခဲ့ရတဲ့ ဘဝဇာတ်ကြောင်းကို သူတို့ကိုယ်တိုင် ပြန်ပြောပြနိုင်တဲ့အရွယ်ကို ရောက်နေပါပြီ။

မိဘတွေမပါဘဲတစ်ကိုယ်တည်းထွက်ပြေးလာတဲ့ကလေးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုတာကတော့ တကယ်မလွယ်တဲ့ကိစ္စပါပဲ။ သူတို့ထဲကအချို့ဟာ ကျောင်းလည်း မနေကြပါဘူး။ သူတို့အတွက်လုပ်စရာဆိုလို့ ခိုလှုံသူလို့သတ်မှတ်ပေးမယ့်ဆုံးဖြတ်ချက်ကိုထိုင်စောင့်ရုံမှတစ်ပါး အခြားလုပ်စရာ သူတို့မှာမရှိပါဘူး။

အီတလီနိုင်ငံက တောင်ပိုင်းမြို့တစ်မြို့ဖြစ်တဲ့ ပိုဇလိုမှာရှိတဲ့ မှတ်ပုံတင်တဲ့ဌာနမှာတော့ အသစ်ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချလိုသူတွေနဲ့ ဒုက္ခသည်တွေဟာ သုံးရက်နေထိုင်ရပါတယ်။

အဲဒီမှာယောကျ်ားကလေး ၁၁၀ ဦးရှိပါတယ်။ အများစုက တော့ ကလေးတွေပါ။ မိဘတွေဆီကို ဖုန်းခေါ်ဖို့ အပတ်တိုင်းခွင့်ပြုပေးထားပါတယ်။ ဒါပေမယ့်လည်း သုံးမိနစ်စာလောက်ပဲ ဆက်ခွင့်ရတာပါ။

"ဒီမှာနေရတာ အလွန်ပဲ ခက်ခဲပါတယ်" လို့ ဂမ်ဘီယာနိုင်ငံမှ ထွက်ပြေးလာတဲ့ အသက်၁၇ နှစ်အရွယ် ဆန်နာက ပြောပါတယ်။ "ကျွန်တော်တို့ကျောင်းလည်း မနေရပါဘူး။ တကယ်လို့ ကျောင်းနေခွင့်ရခဲ့မယ်ဆိုရင်တော့ ပုံမှန်ဘဝတစ်ခုကို မျှော်လင့်လို့ရတာပေါ့။ အခုတော့ ဒီမှာစားပြီး အိပ်ရုံမှတစ်ပါးအခြားဘာမှ လုပ်စရာမရှိပါဘူး။ အရင်တုန်းကတော့ ဘောလုံးကစားကြပါတယ်။ အခုတော့ ဘောလုံးလည်း လေမရှိလို့မကစားရတာကြာလှပြီ"လို့ သူ့ရဲ့အကြောင်း ပြောပြပါတယ်။

ယခုနှစ်နွေရာသီမှာတော့ ရာသီဥတုကောင်းမွန်ရင် အာဖရိကက ဒုက္ခသည်အမြောက်အမြား ဝင်ရောက်လာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ မကြာသေးခင်ကပဲ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့နဲ့ ဥရောပရဲတပ်ဖွဲ့တို့ပူးပေါင်းပြုလုပ်ထားတဲ့ အစီရင်ခံစာအရ အာဖရိကက ဒုက္ခသည် ၈၀၀၀၀၀ ဟာ လစ်ဗျားကနေ ဥရောပကို ဝင်ရောက်ဖို့ကြိုးစားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အီတလီနိုင်ငံဟာ ဒုက္ခသည်စခန်းတွေ တိုးချဲ့ဖို့၊ လုံလောက်တဲ့အကူအညီတွေပေးနိုင်ဖို့ အနောက်နိုင်ငံတွေရဲ့ အထောက်အပံ့တွေ လိုလာပါပြီ။

ပလာမိုမှာတော့ ပိ(စ်)တစ်ယောက်ဟာ ခိုလှုံသူအဖြစ်နေခွင့်ရဖို့ သုံးလကြာစောင့်ဆိုင်းပြီးပါပြီ။ သူဟာစခန်းကနေ အပြင်ကို ထွက်ခဲ့ပါတယ်။ လူကုန် ကူးသမားတွေရဲ့ရန်ကို ကြောက်တာလည်းပါပါတယ်။ သူဖြတ်ကျော်လာရတဲ့ လမ်းခရီးဟာ ဘယ်လောက်တောင်ကြမ်းတမ်းသလဲဆိုတာ သူကောင်းကောင်း ခံစားပြီးပါပြီ။ ဒါပေမယ့် ပိုကောင်းတဲ့ ဘဝတစ်ခုဖန်တီးနိုင်ဖို့ သူမျှော်လင့်ဆဲပါပဲ။

ကိုးကား-သည်နယူးယောက်တိုင်း(မ်) June 12, 2016

OD TOUR
Since 1997
Oriental Dragon Travels & Tours Co.,Ltd.

+သီရိလင်္ကာ (၆ည/၇ရက်) Aug. 10
(ကိုလံဘို/ကန္ဒီ/အနုရာဓပူရ/ပိုလောနရုဝ/စီဂရိယ/ဒမ္ဗုလ)
+ဗီယက်နမ် (၄ည/၅ရက်) Jun.24,Jul.15
(Hochiminh/Cu Chi Tunnel/Vung Tau/Suoi Tien Theme Park)
+စင်္ကာပူ (၃ည/၄ရက်) Jun.24,Jul.15
(USS Singapore,Gardens By The Bay,Jurong Bird Park,Wings of Time)
+ဗန်ကောက်(၄ည/၅ရက်) Jun.24,Jul.15
(Pattaya/Art in Paradise/Madame Tussauds/Dream World/Safari World)

(၂)ဦးမှစ၍ မိသားစု (သီးသန့်)ခရီးစဉ်များလည်း စီစဉ်ပေးလျက်ရှိပါသည်။
MAI/Nok Air/MNA လေယာဉ်လက်မှတ်များ ဈေးသက်သာစွာ ဝယ်ယူရရှိနိုင်ပါသည်။

No.52,KyunTaw Street.Sanchaung Tsp: Ph: 01-536 855, 504 808, 09-5187045, 09-5108087

CLAIMS DAY NOTICE
M.V KAIJIN VOY:NO(073)

Consignees of cargo carried by M.V. KAIJIN VOY:NO(073) are here by notified that the vessel will arrive of about 17-6-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခုံပါယာဉ်နှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ အထကတက္ကသိုလ်ဝင်တန်းမှ မောင်ကျော်စည်ထက်၏ ဖခင်အမည်မှန်မှာ ဦးသောင်းနိုင် ၉/မသန(နိုင်)၁၅၉၉၃၇ ဖြစ်ပါကြောင်း။

ဦးသောင်းနိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်ထွန်း ၁၂/လမန(နိုင်)၁၆၁၀၄၇၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၉၆၄၂၄၇**

တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့မှ ဦးတင်မောင်၏သမီး ဒေါ်စန်းနွဲ့ရီ ၉/သစန(နိုင်)၀၀၆၈၃၂နှင့် ဒေါ်စန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်စန်းနွဲ့ရီ(ခ)ဒေါ်စန်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉) ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် ၂၄၂ နေ ဦးစိုးသိန်း ၁၂/တမန(နိုင်)၀၂၆၃၆၇ ပိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၇)ရပ်ကွက်၊မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ အမှတ် ၁၁၉၄၊ ပါမစ်မြေ ၆၃၂၄စတုရန်းပေအား ကျွန်မ ဒေါ်ခင်ဝင်းကြူ ၅/ဟမလ(နိုင်)၀၀၃၂၄၉က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါ၍ ဤမြေကွက်ဝယ်/ရောင်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်း(မူရင်း)အထောက်အထားများဖြင့် အောက်ပါဖုန်းနံပါတ်(သို့) ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်းကြူ ၅/ဟမလ(နိုင်) ၀၀၃၂၄၉
ဖုန်း-၀၉-၇၇၇၃၂၅၇၅၀

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၇၅၉၄၊ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မို့မြင့် ၉/မရတ(နိုင်)၀၁၁၉၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၈၇၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း) အလက (၃)သတ္တမတန်း(A)မှ မသဲသဲအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စန်း ၁၂/ဒဂတ(နိုင်)၀၀၂၁၂၈ ဖြစ်ပါကြောင်း။ **ဦးအောင်စန်း**

အမည်မှန်

ဦးသောင်းနိုင် ၉/မသန(နိုင်)၁၅၉၉၃၇ ၏သား မောင်ကျော်ဇေထက်၏ အမည်မှန်မှာ မောင်ကျော်စည်ထက် ဖြစ်ပါသည်။

မောင်ကျော်စည်ထက်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃) ရပ်ကွက်၊ မြေကွက် ၁၄၉၉၊ ပေ (၄၀×၆၀)ရှိ ဦးတင်ဝင်း ၁၂/ဗဟန(နိုင်)၀၅၀၄၉၄ အမည်ပေါက် မြေချပါမစ်နှင့်မြေကွက်ကို တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ မူလပိုင်ရှင် ဦးတင်ဝင်းက လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မရှိပါ။ အရောင်းအဝယ် အတုပြုလုပ်ရောင်းချသူများအား ဒဂုံမြောက်(မြို့မ)ရဲစခန်း၌ အမှုဖွင့်လှစ်ထားရှိပါသည်။ ကျွန်ုပ်မိတ်ဆွေက ခွင့်ပြုချက်မရဘဲ အရောင်းအဝယ်ပြုလုပ်ရောင်းချနေသူများအား (ရပ်ဆိုင်းပေးရန်)နှင့် ဆက်လက် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မိုးခိုင်
(LL.B, D.B.L, WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၄၆၂၇၁)

ကမ္ဘောဇအာမခံလုပ်ငန်းက ရုံးခွဲနှင့် အာမခံအမျိုးအစားများ တိုးချဲ့မည်

ရန်ကုန် ဇွန် ၁၅

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းအနေဖြင့် လက်ရှိဝန်ဆောင်မှုပေးလျက်ရှိသော အာမခံအမျိုးအစားများအပြင် အာမခံအမျိုးအစားအသစ်များကို တိုးမြှင့်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကာ အာမခံရုံးခွဲများကိုလည်း အချက်အချာကျသော မြို့များ၌ တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ Sedona Hotel ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် IKBZ ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ပြောကြားသည်။

အခမ်းအနားတွင် IKBZ ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ၏ အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဆုံးရှုံးပျက်စီးမှုများကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အာမခံရုံးခွဲများကို မြန်မာနိုင်ငံအနှံ့အပြား ဖွင့်လှစ်ပေးခဲ့သည်မှာ ၁၄ ခု ရှိခဲ့ပြီဖြစ်ပြီး မကြာမီကာလ၌လည်း နိုင်ငံ၏ အချက်အချာကျသောမြို့များ၌ ရုံးခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း၊ လက်ရှိဝန်ဆောင်ပေးလျက်ရှိသော အာမခံအမျိုးအစားများအပြင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အာမခံအမျိုးအစားသစ်များကိုလည်း ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီကာလတွင်လည်း အွန်လိုင်းအာမခံစနစ်ကို စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းသည် ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၏ မိသားစုဝင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေ အာမခံလုပ်ငန်းဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် မီးနှင့်သဘာဝဘေးအန္တရာယ် အာမခံလုပ်ငန်း၊ အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်း၊ အထူးခရီးသွား အာမခံလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး အာမခံလုပ်ငန်း၊ ငွေသားလုံခြုံမှုအာမခံလုပ်ငန်း၊ ငွေပို့ငွေသယ် အာမခံလုပ်ငန်း၊ သမာဓိအာမခံလုပ်ငန်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအန္တရာယ်များကို အာမခံပေးနေသော အသက်အာမခံလုပ်ငန်းများဖြစ်သည့် ပြည်သူ့ပြည်သားအသက်အာမခံလုပ်ငန်း၊ စုပေါင်းအသက်အာမခံလုပ်ငန်း၊ ကျန်းမာရေးအာမခံလုပ်ငန်း၊ မြွေအန္တရာယ် အသက်အာမခံလုပ်ငန်း၊ အားကစားနှင့်ကိုယ်အင်္ဂါထိခိုက်မှုအာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဈေးကွက်အနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဈေးကွက်ရှယ်ယာကို ၃၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးရရှိထားကာ ၂၀၁၅ ခုနှစ်အတွင်း အင်္ဂလန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ချီးမြှင့်ပေးအပ်သော Global Insurance Awards ဖြစ်သည့် Best Life and Non-Life Insurance Company in Myanmar-2015 ဆုများကို ရရှိထားကြောင်း သိရသည်။

သဲနိုင်ဦး

ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ပေါင်းတည် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဂျုံးဂျုံးကျအုပ်စု မြေနံ့သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးအေးကျော်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချိုက အမှာစကားပြောကြားသည်။

အဆိုပါ ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၂) တစ်ဦးတို့ရှိပြီး ကျေးရွာအုပ်စု နှစ်အုပ်စုမှ ကျေးရွာရှစ်ရွာရှိ လူဦးရေ ၃၈၀၀ ကျော်နှင့် စပ်ဆက်လျက်ရှိသော သဲကုန်းမြို့နယ်မှ ကျေးရွာများပါ ကျန်းမာရေးစောင့်ရှောက်မှု ရရှိမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက ငွေကျပ်သိန်း ၆၅၀ ဖြင့် မိုးမြင့်ဇော်ကုမ္ပဏီက ဆောက်လုပ်ပြီး ရုံးခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ စမ်းသပ်ခန်း၊ ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာနှစ်ခန်းပါရှိကြောင်း သိရသည်။ (ဝ၅၂)

ပေါင်မြို့နယ်၌ မိုးသက်လေပြင်း တိုက်ခတ်၍ ရွာဦးဘုန်းကြီးကျောင်းနှင့် အိမ်အမိုးများ ပျက်စီး

ပေါင် ဇွန် ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဇွန် ၁၅ ရက် နံနက် ၁ နာရီတွင် လေပြင်းတိုက်ခတ်ရာ ရင်းငြိမ်ပိုင်နယ်မြေ မြလေးချောင်ကျေးရွာတွင် ရွာဦးဘုန်းကြီးကျောင်းနှင့် အိမ်ခြေလေးလုံးမှာ ခေါင်မိုးသွပ်များ လန်ထွက်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောနေအိမ်များကို ပေါင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများစုပေါင်း၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၆၄၀၀၀ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် အသက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နယ်မြေအေးချမ်းလာသဖြင့် သီပေါမြို့မှ တိုက်ပွဲရှောင်ပြည်သူများ နေရပ်သို့ပြန်လည်ထွက်ခွာ

သီပေါ ဇွန် ၁၅

သီပေါမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် သီပေါမြို့ပေါ်ရှိ တိုက်ပွဲရှောင်စခန်းများသို့ မေ ၁၉ ရက်မှ စတင်၍ ရောက်ရှိလာခဲ့ကြသော တိုင်းရင်းသားပြည်သူများမှာ ယခုအခါ နယ်မြေများ ပြန်လည်အေးချမ်းနေပြီဖြစ်ခြင်းနှင့် တောင်ယာလုပ်ငန်းခွင်ဝင်ရတော့မည့် ကာလဖြစ်သောကြောင့် မိမိတို့နေရပ်များသို့ ဇွန် ၁၃ ရက်က ပြန်လည် ထွက်ခွာခဲ့ကြပြီဖြစ်ကြောင်း သိရသည်။

နေရပ်ပြန်မည့် ကားတစ်စီးပေါ်မှ ပြည်သူများ

နေရပ်သို့ပြန်ကြသော ပြည်သူများမှာ ပန်စောက်မိန်းကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာ မြို့ဟောင်းကျောင်းတိုက်တွင် ရောက်ရှိနေသော ဟူးမြီ၊ ကျောင်းမိုင်၊ တိန်းဟိုင်းစသည့်ကျေးရွာများမှ ရှင်သာမဏေ သုံးပါးအပါအဝင် တိုက်ပွဲရှောင်ပြည်သူ ၁၉၁ ဦးနှင့် သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက် အောင်မင်္ဂလာဘိုးတော် ကျောင်းတိုက်တွင် ရောက်ရှိနေသည့် ဟူးမြီ၊ နားတော်၊ ပန်ခါး၊ နားညု စသည့်ကျေးရွာများမှ ပြည်သူ ၁၃၇ ဦး စုစုပေါင်း တိုက်ပွဲရှောင်ပြည်သူ ၃၂၈ ဦးဖြစ်ကာ ဇွန် ၁၃ ရက် နေ့လယ်ပိုင်းတွင် နေရပ်သို့အားလုံး တစ်ဦးမကျန် ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန် တိုက်ပွဲရှောင်ပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အဝတ်အထည်များနှင့် ဆန်ဆီရိက္ခာများကိုလည်း သီပေါမြို့မှ အလှူရှင်များနှင့် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများက ဝိုင်းဝန်းလှူဒါန်းပံ့ပိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန်အတွက် (FDA)အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၆ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့
ဖုန်း-၀၇၅-၂၁၀၀၈

ကုသရေးဦးစီးဌာန
အမျိုးသမီးနှင့်ကလေးဆေးရုံကြီး - မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် မော်လမြိုင်မြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ ရက် ညနေ ၄း၃၀နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၈၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

B.Tech.မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲ ကျင်းပမည့် အစီအစဉ်ကြေညာခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် B.Tech.မှ B.E ပေါင်းကူးသင်တန်းများအား ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား/ဗန်းမော်/ကလေး/စစ်ကိုင်း/မုံရွာ/မန္တလေး/ကျောက်ဆည်/မိတ္ထီလာ/ရမည်းသင်း/မကွေး/ ပခုက္ကူ/လားရှိုး/တောင်ကြီး/ပင်လုံ/ကျိုင်းတုံ/လွိုင်ကော်/တောင်ငူ/စစ်တွေ/မှော်ဘီ/သန်လျင်/ပုသိမ်/ဟင်္သာတ/မအူပင်/မော်လမြိုင်/ဘားအံ/ထားဝယ်/မြိတ်)တို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းသို့(ယခင်)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားခဲ့သော B.Tech.သင်တန်းများ၏အတန်းတင်စာမေးပွဲများတွင် အောင်မြင်၍ B.Tech.ဘွဲ့များ ရရှိခဲ့ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်မရရှိခဲ့သော ကျောင်းသားကျောင်းသူအားလုံး လျှောက်ထားနိုင်ပြီး ဝင်ခွင့်စာမေးပွဲစစ်ဆေး၍ တက္ကသိုလ်အလိုက်၊ ဖွင့်လှစ်သင်ကြားမည့် ဘာသာရပ်များအလိုက် လိုအပ်ချက်အတိုင်း ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများအား မိမိတို့တက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်တွင် ၁၆-၆-၂၀၁၆ရက်မှစတင်၍ အောက်ပါစာရွက်စာတမ်း အပြည့်အစုံနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်-

(က) B.Tech.ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်)အောင်မြင်ကြောင်း ထောက်ခံစာမူရင်းနှင့်မိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် မိဘအုပ်ထိန်းသူများ၏ဝန်ခံချက်
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံလေးပုံ

၄။ ပေါင်းကူးဝင်ခွင့် သတ်မှတ်ချက်များအတိုင်း လျှောက်လွှာတင်ထားသည့် စာမေးပွဲဖြေဆိုမည့်သူများသည် မိမိတို့လျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်တွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုကြရပါမည်-

စဉ်	ဖြေဆိုရမည့်ဘာသာရပ်	နေ့ရက်	အချိန် (နာရီ)
(က)	အင်္ဂလိပ်စာ	၆-၈-၂၀၁၆ရက်(စနေနေ့)	နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီထိ
(ခ)	သက်ဆိုင်ရာဘာသာရပ်	၇-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)	နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီထိ

၅။ အခြားသိရှိလိုသည့် ဝင်ခွင့်စာမေးပွဲဆိုင်ရာအသေးစိတ်အချက်အလက်များအား မိမိတို့တက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
1 - 2:30 (Mon ~ Thurs) 27 Jun
7:30 - 9 (Mon ~ Thurs) 11 Jul

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 20 Jun
10-11:30 (Mon ~ Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
1 - 2:30 (Mon ~ Thurs) 27 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
7:30 - 9 (Mon ~ Thurs) 29 Jun
1 - 4:00 (Sat + Sun) 2 Jul

BASIC GRAMMAR
9 - 12:00 (Sat + Sun) 16 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 13 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
7:30-10:30 (Sat + Sun) 10 Jul
1 - 4:00 (Sat + Sun) 17 Jul
7:30 - 9 (Mon ~ Thurs) 18 Jul

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 18 Jul
7:30 - 9 (Mon ~ Thurs) 25 Jul

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 25 Jun
1 - 2:30 (Mon ~ Thurs) 4 Jul
12 - 3:00 (Sat + Sun) 30 Jul

BASIC WRITING
1 - 4:00 (Sat + Sun) 10 Jul

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 20 Jun
1 - 2:30 (Mon ~ Thurs) 29 Jun
12 - 3:00 (Sat + Sun) 17 Jul

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 11 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 11 Jul
3:30 - 5 (Mon ~ Thurs) 18 Jul
12 - 3:00 (Sat + Sun) 30 Jul

IELTS (Preparation)
1 - 4:30 (Sat + Sun) 18 Jun
7:30-9:30 (Mon~Thurs) 11 Jul

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 18 Jul

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 20 Jun
6 - 7:30 (Mon ~ Thurs) 20 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
10-11:30 (Mon ~ Thurs) 29 Jun
6 - 7:30 (Mon ~ Thurs) 4 Jul
7:30-10:30 (Sat + Sun) 10 Jul
7:30 - 9 (Mon ~ Thurs) 11 Jul

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 2 Jul
7:30 - 9 (Mon ~ Thurs) 25 Jul

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 13 Jun

IELTS (Grammar)
10-11:30 (Mon ~ Thurs) 20 Jun

ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် ဖမ်းဆီးခံခဲ့ရသော ထိုင်ဝမ်သားသုံးဦးအား လာရာလမ်းအတိုင်းပြည်နှင်

တာချီလိတ် ဇွန် ၁၅

တာချီလိတ်မြို့ဆန်ဆိုင်း(က)ရပ်ကွက်၌ နေအိမ်တွင် တည်းခိုနေထိုင်၍ ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် ဖမ်းဆီးခံခဲ့ရသော ထိုင်ဝမ်သုံးဦးကို ဇွန် ၁၄ ရက် နံနက် ၉ နာရီကျော်က ၎င်းတို့လာရာလမ်းဖြစ်သည့် တာချီလိတ်-မယ်ဆိုင်ချောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ပြည်နှင်ခဲ့ကြောင်း လဝကမှ တာဝန်ရှိသူထံက သိရသည်။

ဧပြီ ၃၀ ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အိမ် အမှတ်(၆/၆၄)တွင် တည်းခိုနေထိုင်သော တရုတ်နှင့်ထိုင်ဝမ် ၁၁ ဦးကို ဗီဇာစည်းကမ်း ဖောက်ဖျက်မှုဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။ ၎င်းတို့ ၁၁ ဦးအနက် တရုတ်နိုင်ငံသား ခြောက်ဦးကို မိုင်းလားနယ်စပ်စစ်ဆေးရေးဂိတ်မှ လည်းကောင်း၊ ထိုင်ဝမ် နှစ်ဦးကို ထိုင်း-မြန်မာအမှတ်(၁)ချစ်ကြည်ရေးတံတား၌ လည်းကောင်း မေ ၂၄ ရက်က ပြန်လည်လွှဲပြောင်းပြည်နှင်ခဲ့ပြီး၊ အခုကျန်ရှိ ထိုင်ဝမ် သား Mr.Yong Tien Ching၊ Mr.Lin Chun Chang နှင့် Mrs. Yang Ting Huan တို့သုံးဦးကို ဇွန် ၁၄ ရက် နံနက်ပိုင်းက လာရာလမ်းအတိုင်း ပြန်လည် လွှဲပြောင်းပေးလိုက်ကြောင်း လဝက တာဝန်ရှိသူများထံမှ သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကော့သောင်းမြို့ ရွှေပြည်သာလမ်းကွေ့တွင် သစ်ခွဲသားတင်မော်တော်ယာဉ်တစ်စီးတိမ်းမှောက်

ကော့သောင်း ဇွန် ၁၅

ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းကွေ့ ကုန်းဆင်းနေရာတစ်ခုတွင် ဇွန် ၁၄ ရက် နံနက် ၄ နာရီခန့်က သစ်ခွဲသားများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်နောက်လိုက်လူငယ်တစ်ဦး သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ကနောင်လမ်း အေးရိပ်ငြိမ်ရပ်ကွက်နေသူ သန်းဝင်းအောင်(၅၂နှစ်)ဆိုသူမောင်းနှင်၍ ယာဉ်နောက်လိုက်များအဖြစ် ကားခေါင်းခန်းတွင် လှမျိုးနိုင်၊ နောက်တွင် သက်ကို(ခ)ချစ်ကို၊ ချစ်တိုင်းအောင်နှင့် ကျော်ရဲအောင်တို့လေးဦးအား တင်ဆောင်ကာ ၅၄ မိုင် ဥယျာဉ်ခြံမှ သစ်ခွဲသားနှစ်တန်ခန့်တင်ဆောင်လာသည့် ယာဉ်အမှတ် ၉က/------တိုယိုတာ ဒိုင်နာအဖြူရောင်ကုန်တင်ယာဉ်တစ်စီးသည် ကုန်းဆင်းအရောက်တွင် ဂီယာပြုတ်၍ အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ကားပေါ်စီးနင်းလိုက်ပါလာသူ ယာဉ်နောက်လိုက်များမှ ကျော်ရဲအောင်(၂၄နှစ်)အား ကားပေါ်ပါသစ်များပိမိကာ ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ရန် ပြင်ဆင်နေခိုက် သေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကားပေါ်ပါသစ်ခွဲသားများ တရားဝင်သယ်ဆောင်လာခြင်း ဟုတ် မဟုတ် သစ်တောဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယာဉ်အားပေါ့ဆစွာမောင်းနှင်မှု၊ လူသေဆုံးမှုဖြစ်စဉ်များဖြင့် ယာဉ်မောင်း သန်းဝင်းအောင်အား ကော့သောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ပြန်/ဆက်)

စစ်ကိုင်း၊ မန္တလေးနှင့် ကလေးမြို့နယ်တို့တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား အမြောက်အမြား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၅

မူးယစ်တပ်ဖွဲ့စု(၈) မုံရွာနှင့် စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက်က မုံရွာ-မန္တလေး ကားလမ်းရှိ စစ်ကိုင်းမြို့အဝင် ကံတလူတိုးဂိတ်အနီး၌ တမူး-ကလေးမှ မန္တလေးသို့ ရဲဝင့်အောင်ယာဉ်အသင်းမှ ယာဉ်မောင်းသူစိုးဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ယာဉ်ပိုင်ရှင် ထက်နေဇင်အား တွေ့ရပြီး ဆူဒိုအက်ဖီဒရင်းအမှုန့် ၆၁ ဒသမ ၅ ကီလို သိမ်းဆည်းရမိသည်။ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထက်နေဇင်နေထိုင်သည့် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် (၁၈×၁၉)နှင့် (၉၀×၉၁) ကြား အကွက်(၉၅)ရှိ နေအိမ်ကိုသွားရောက် ရှာဖွေရာ ဇနီး မတင်မိုးခိုင်နှင့် မတင်ဇာဝင်းတို့ကိုတွေ့ရပြီး နေအိမ်မှ အက်ဖီဒရင်း ၅၀၀ ကီလိုနှင့် ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၂၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တပ်ဦးသီတာရပ်ကွက် အမှတ်(၅/၄၉) နေအိမ်ကိုရှာဖွေရာ မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခိုင်းသူ ရမ်ဘိုအား မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သိပ္ပံလမ်း၊ (၅၇×၅၈) ကြားနေ မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ရာတွင် ပါဝင်ပတ်သက်သူ ခင်ခန့်ပေါင်အား ၎င်းနေအိမ်တွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။ တရားခံ ခင်ခန့်ပေါင်အား စစ်ဆေးချက်အရ ပြည်ကြီးတံခွန်မြို့နယ် သာယာဝတီမင်းကြီးလမ်း၊ (၅၈×၅၉) ကြား အိမ်အမှတ်(၈)နေ ဘိုဘိုလွင်၏ နေအိမ်ကို ရှာဖွေရာ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၀၅၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာနေ စုစိန္တာ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

သူစိုးဦး၊ ထက်နေဇင်(ခ)နေဇင်လတ်(ခ) လုံးလုံး၊ မတင်မိုးခိုင်၊ မတင်ဇာဝင်း၊ ရမ်ဘို(ခ)ကျင်ဒိုမုန်၊ ဘိုဘိုလွင်(ခ)ဘိုဘိုနှင့် ခင်ခန့်ပေါင်တို့ ခုနစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

၁။ ရန်ကုန်စတိုမှ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသို့ ကတ္တရာ (၁၄၈၈)တန် သယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

၂။ **လေလံပုံစံရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၆ ရက် (ရုံးချိန်အတွင်း)

၃။ **လေလံပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၆-၂၀၁၆ ရက် ၄း၃၀ နာရီထိ

၄။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

၅။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လေလံတင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၅၂-၂၂၀၀၇၆၊ ၀၅၂-၂၂၀၀၉၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာနှင့်သင်တန်းခန်းမ(၄)ခန်းတွဲ(၂)ထပ်(R.C.C)၊
(အလျား၇၂' ×အနံ ၃၄')
(ရေ၊ မီး၊ မိလ္လာ အပြည့်အစုံ)

(ခ) ရှေ့ဘက်ခြံစည်းရိုးတံတိုင်းကာရံခြင်း(အလျား ၁၀၇'×အမြင့် ၇' × ထု ၄·၅")

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၁၆-၆-၂၀၁၆ရက် နံနက် ၉း၃၀ နာရီ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၇-၂၀၁၆ရက် မွန်းလွဲ ၂ နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့ (ဖုန်း-၀၇၁-၂၃၈၅၆၊ ၀၉-၆၄၅၁၉၈၄) တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ရှုံး/ထွက်ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဟံသာဝတီကွာတားတက်

ရန်ကုန် ဇွန် ၁၅

၂၀၁၆ ရာသီ ဗိုလ်ချုပ်ဆောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့်(ပထမနေ့)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သော်လည်း အနိုင်ရရှိရန် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး တိုက်စစ်မှူး သန်းပိုင်၏ နောက်ကျဂိုးကြောင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ လက်ရွေးစင်နောက်ခံလူဟောင်း ဦးဇော်လင်းထွန်း ကိုင်တွယ်နေသည့် မဟာယူနိုက်တက်အသင်းသည် ရန်ကုန်အသင်းနှင့် အတွေ့ အကြုံချင်းကွာခြားသော်လည်း ပုံစံကောင်းပြသနိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် ရတနာပုံအသင်းနှင့် အမှတ်ပေး ပွဲစဉ်ယှဉ်ပြိုင်ခဲ့သည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ကြည်လင်းသာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ ရန်ကုန်အသင်းသည် ပွဲစကတည်းက အချိန်အများစု ဖိကစားနိုင်ခဲ့သော်လည်း မဟာယူနိုက်တက်ခံစစ်ပိုင်းကို မကျော်နိုင်၍ ထိရောက်သည့်ဂိုးသွင်းခွင့်များ မရခဲ့ပေ။ မဟာယူနိုက်တက်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် သာကစားခဲ့ပြီး ဂိုးရလုအခွင့်အရေးနှစ်ကြိမ် ဖန်တီးနိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရရှိရန် သန်းပိုင်၊ အက်ဒီဆင်စသည့် တိုက်စစ်ကစားသမားများကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းသည် ဖိကစားနိုင်သော်လည်း ဂိုးရရှိရန်ရုန်းကန်ခဲ့ရပြီး မဟာခံစစ်ကို မကျော်လွှားနိုင်ခဲ့ပေ။ မိနစ် ၇၀ နောက်ပိုင်းတွင် ရန်ကုန်အသင်း ဂိုးရနိုင်သည့် အခွင့်အရေးများ ရလာခဲ့သော်လည်း ၈၈ မိနစ်မှ အနိုင်ဂိုးရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို လူစားဝင် တိုက်စစ်မှူး သန်းပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ကွာတားဖိုင်နယ်တွင် ဟံသာဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက မနောမြေအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၄၈ မိနစ်တွင် မောင်မောင်လွင်၊ ၇၇ မိနစ်တွင် အီဗန်စ်တို့က ဟံသာဝတီအတွက် ဂိုးများသွင်းယူခဲ့သည်။ မနောမြေအတွက် ချေပဂိုးတစ်ဂိုးကို ၈၂ မိနစ်တွင် ဒိုနယ်က သွင်းယူပေးခဲ့သည်။ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ကိုပါအမေရိကဖလား အုပ်စု(ဃ)ပွဲစဉ် အာဂျင်တီးနားနှင့် ချီလီတို့ အနိုင်ရ

ကိုပါအမေရိကဖလား အုပ်စု(ဃ)ပွဲစဉ်များကို ဇွန် ၁၅ ရက်က ယှဉ်ပြိုင်ခဲ့ရာ အာဂျင်တီးနားက ဘိုလီးဗီးယားကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ချီလီက လေးဂိုး-နှစ်ဂိုးဖြင့် ပနားမားကို အနိုင်ရခဲ့သည်။

အာဂျင်တီးနားနှင့် ဘိုလီးဗီးယားပွဲတွင် အာဂျင်တီးနားအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် လာမယ်လာ၊ ၁၅ မိနစ်တွင် လာဗက်ဇီ၊ ၃၃ မိနစ်တွင် ကျူစတာတို့က သွင်းယူခဲ့သည်။

ချီလီနှင့် ပနားမားပွဲတွင် ပနားမားအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅ မိနစ်တွင် ကာမာဂိုက သွင်းယူခဲ့ပြီး ၁၅ မိနစ်တွင် ဗားဂက်စ်က ချီလီအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် ဗားဂက်စ်က ချီလီအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ပြီး ဒုတိယပိုင်း မိနစ် ၅၀ တွင် ဆန်ချက်ဇ်က ချီလီအတွက် တတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပနားမားအတွက် ဒုတိယဂိုးကို ၇၅ မိနစ်တွင် အာရိုးယိုက သွင်းယူခဲ့ပြီး ပွဲပြီးခါနီး ၈၉ မိနစ်တွင် ချီလီအတွက် စတုတ္ထမြောက်ဂိုးကို ဆန်ချက်ဇ်က ထပ်မံသွင်းယူခဲ့သည်။

အုပ်စု(ဃ)နောက်ဆုံးပွဲစဉ်(၃)အပြီးတွင် အာဂျင်တီးနားက ရမှတ်ကိုးမှတ်နှင့် ချီလီက ရမှတ်ခြောက်မှတ်ရကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားခဲ့သည်။ ဇွန် ၁၉ ရက် ရှုံး/ထွက်ပွဲစဉ်တွင် အာဂျင်တီးနားသည် ဗင်နီဇွဲလားနှင့် တွေ့ဆုံမည်ဖြစ်ပြီး ချီလီက မက္ကဆီကိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သီဟ

ယူရို ၂၀၁၆ အုပ်စု(စ)ပွဲစဉ် ဟန်ဂေရီနိုင်ပြီး ပေါ်တူဂီနှင့် အိုက်စ်လန် သရေကျ

ယူရို ၂၀၁၆ အုပ်စု(စ) ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီနှင့် အိုက်စ်လန်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဟန်ဂေရီက နှစ်ဂိုး-ဂိုးမရှိဖြင့် ဩစတြီးယားကို အနိုင်ရရှိခဲ့သည်။

ဇွန် ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပေါ်တူဂီနှင့် အိုက်စ်လန်ပွဲတွင် ပေါ်တူဂီအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် တိုက်စစ်မှူး နာနီက သွင်းယူခဲ့ပြီး ဒုတိယပိုင်း မိနစ် ၅၀ တွင် ကွင်းလယ်ကစားသမား ဘီဂျာနာဆန်က အိုက်စ်လန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် ပေါ်တူဂီအသင်းသည် ပွဲချိန်ပြည့် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့်ကစားခဲ့ပြီး အိုက်စ်လန်အသင်းမှာ နောက်တန်းတွင် ပိတ်ဆို့ကာ ယှဉ်ပြိုင်ခဲ့သည်။ တိုက်စစ်မှူး စီရော်နယ်ဒိုမှာ အိုက်စ်လန်နောက်တန်းကို မကျော်လွှန်နိုင်ဘဲ ပေါ်တူဂီအသင်းသည် ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်ရရှိကာ ကိုးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။

ဇွန် ၁၄ ရက်ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဩစတြီးယားနှင့် ဟန်ဂေရီပွဲတွင် ဟန်ဂေရီအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၃ မိနစ်တွင် အဒမ်အက်စ်ဇယ်လိုင်နှင့် ၈၇ မိနစ်တွင် စတီဘာတို့က သွင်းယူခဲ့သည်။ ဩစတြီးယား နောက်တန်းကစားသမား ဒရာဂိုဗစ်မှာ ပွဲချိန် ၆၆ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံရသည်။ ဇွန် ၁၅ ရက် ည ၇ နာရီခွဲတွင် အုပ်စု(ခ)မှ ရုရှားနှင့် စလိုဗက်ကီးယားတို့ ယှဉ်ပြိုင်ကစားရာ စလိုဗက်ကီးယားက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ■ **သီဟ**

❍ *ကျောဖုံးမှ*

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ အားကစားသမား ၁၂ ဦးနှင့်အတူ အသင်းအုပ်ချုပ်သူ ဦးမျိုးသီဟအပါအဝင် ယမန်နေ့ည ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယ ပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့် ဝမ်းမြောက်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၂၈၃၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ဃ/၂၇၉၆၇ Luo-jia 110/, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းငွေး ၇/ပမန(နိုင်)၁၁၉၂၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အောက်ဖော်ပြပါ ရုံးသုံးယာဉ်များအား တစ်စီးလျှင် ကျပ်သိန်း ၃၀၀နှုန်းဖြင့် ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Saloon/Wagon (Zero milelist-Brand New) ၄ စီး
(ခ) Mini Bus (Zero milelist-Brand New) ၁ စီး

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၆-၆-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၆ ရက် ၁၄း၀၀ နာရီ မတိုင်မီ နောက်ဆုံးထားပေးပို့တင်သွင်းရန်ဖြစ်ပါသည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်သွင်းသူများသို့ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၆၄၊ ၀၁-၂၃၀၂၁၁၄နှင့် ၀၁-၂၃၀၂၁၇၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အလုံလမ်း၊ ရန်ကုန်မြို့

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) အိပ်ရာသုံးပစ္စည်းများ
(ဂ) စားရိပ်သာသုံးပစ္စည်းများ
(ဃ) ဆေးခန်းသုံးပစ္စည်းများ
(င) ရိုက်ကူးရေးသုံးပစ္စည်းများ
(စ) လုပ်ငန်းသုံးစက်ပစ္စည်းများ
(ဆ) ရုံးသုံးစက်ပစ္စည်းများ
(ဇ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၆-၂၀၁၆ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ ဆက်သွယ်ပြီး လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

သစ်ခွဲသားဂိုဒေါင်အဟောင်း(၁)လုံးနှင့်(၄)ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး ဈေးပြိုင်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းဒေသ၊ ရွှေဘိုသစ်ဆိုင်ဝင်းအတွင်းရှိ သစ်ခွဲသားဂိုဒေါင်အဟောင်းတစ်လုံးနှင့် အမှတ် ၁၂၀သစ်စက်၊ နမ်းခမ်းရှိလေးခန်းတွဲ ဝန်ထမ်းနေအိမ်တစ်လုံးကို ၃၀-၆-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ၌ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊ သစ်မင်းဇေယျာခန်းမ၌ ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်သိရှိလိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

အဆောက်အအုံ အဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး
ဖုန်း-၀၇၂-၂၁၁၀၄၊ ၀၇၁-၂၀၃၂၀၄၃၊ ၀၉-၇၉၂၄၈၄၈၃၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၄၃၆၀၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ညွှန့် ၈/မကန(နိုင်)၀၂၄၄၇၃ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး (မကွေး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၃၇၇၅ Feiling-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၁၃/လရန(နိုင်)၁၃၅၆၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မိတ္ထီလာခရိုင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၈၆၉၉၊ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၇/ဖမန(ပြု) ၀၀၀၅၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန (ဆူးလေဆိပ်ကမ်း)၊ မြန်မာစက်မှုဆိပ်ကမ်း၊ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် ထီးတန်းဆိပ်ကမ်းတို့တွင် ထိန်းသိမ်းထားရှိသော ရက်ပေါင်း(၆၀)ကျော် လေလံစာရင်းဝင်ပြီး၊ (၁)နှစ်ကျော်ကြာသည်အထိ လာရောက်ထုတ်ယူခြင်းမရှိသော Soil Stabilizer, Computer Parts & Hypersperse MS-1410 (Chemical for Water Treatment) ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၅-၇-၂၀၁၆ ရက် ၁၄း၀၀နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင် ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်ကွန်ကရစ်လမ်း၊ (Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၀-၆-၂၀၁၆ရက်မှစ၍ ၁-၇-၂၀၁၆ ရက်အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၄၊ မြေကွက်အမှတ် ၂၆၆၊ မြေဧရိယာအကျယ်အဝန်း ပေ ၄၀× ပေ ၆၀ ရှိ မြေကွက်နှင့်ယခုအခေါ်အမှတ်(၂၆၆)၊ အနော်ရထာလမ်း၊ ၁၄၄(စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း
LL.B, D.M.A, D.B.L., D.M.L,D.A(Psy)
WIPO, D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm**၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
နေအိမ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃၊ ၀၉-၂၅၄၂၇၇၆၀၇

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/9961 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်နေ ဦးကြည်လှိုင် ၇/ဝမန (နိုင်)၀၂၀၈၈၉၏သား မောင်ကျော်မျိုးနိုင် အထက(ဝေါ) အဋ္ဌမတန်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၂၀၀၀ ဖြစ်ပါကြောင်း။

ပင်လယ်ရေဘယ်မခန်း အမြင့်ကိုတက်ဖို့မှန်း

သိပ္ပံစာရေးဆရာကိုကိုအောင်

လွန်ခဲ့သောနှစ်ပေါင်း တစ်သောင်းနှစ်ထောင်ခန့်က အာရှတိုက် အရှေ့မြောက်စွန်းဒေသနှင့် မြောက်အမေရိကတိုက် အလာစကာပြည်နယ် အနောက်မြောက်စွန်းဒေသ နှစ်ခုအကြားရှိ ဘယ်ရင်ရေလက်ကြားတွင် ရေခန်းခြောက်နေခဲ့သည့်အတွက် ထိုစဉ်က ယင်းဒေသနှစ်ခုအကြား ကုန်းကြောင်းခရီးဖြင့် ကူးသန်းသွားလာနိုင်ခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း တစ်သောင်းရှစ်ထောင်ခန့်က တစ်ကမ္ဘာလုံး၌ အအေးလွန်ကဲခဲ့ပြီး ကမ္ဘာပေါ်ရှိ ရေအများစုမှာ မြောက်အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာရှတိုက်များတွင် ရေခဲပြင်များအဖြစ်သာ ရှိနေခဲ့ကြ၍ ပင်လယ်နှင့် သမုဒ္ဒရာများအတွင်းသို့ စီးဆင်းဝင်ရောက်မှု အလွန်နည်းပါးခဲ့သည်။

ထိုစဉ်က အချို့သော ကမ္ဘာ့ပင်လယ်ရေပြင်များသည် လက်ရှိအချိန်ထက် ပေလေးရာခန့် နိမ့်ကျနေခဲ့ပြီး ဥရောပတိုက်ရှိ ဘောလ်တစ်ပင်လယ်နှင့် မြောက်ပင်လယ်တို့တွင် ရေများခန်းခြောက်နေခဲ့သည်။ ယခုအချိန်၌မူ အဆိုပါ ပင်လယ်များသည် ရေများဖြင့် ပြည့်လျှံလျက်ရှိနေကြသလို ဘယ်ရင်ရေလက်ကြား၌လည်း ရေထုကြီးက မျက်စိတစ်ဆုံး ဖုံးလွှမ်းလျက်ရှိနေပြီဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ခြောက်ထောင်ခန့်မှစ၍ အေးခဲသောခေတ်ကာလ ကုန်ဆုံးလွန်မြောက်ကာ ကမ္ဘာ့ရာသီဥတု ပြန်လည်ပူနွေးလာပြီး ရေခဲပြင်များလည်း အရည်ပျော်ကျလာခဲ့သည်။ ရေခဲပြင်များအရည်ပျော်နှုန်း မြင့်မားသည့်အတွက် ပင်လယ်ရေမျက်နှာပြင်လည်း တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ လွန်ခဲ့သောနှစ်ပေါင်း သုံးထောင်ခန့်အရောက်တွင် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ပြင်များ၏ ရေထုလွှာမြင့်တက်မှုအနေအထားသည် မျက်မှောက်ကာလ၏ အခြေအနေမျိုးသို့ ရောက်ရှိလာခဲ့သည်။

ကမ္ဘာ့လူဦးရေ သန်းတစ်ရာခန့်သည် ပင်လယ်ကမ်းရိုးတန်းဒေသများတစ်လျှောက်၌ အခြေချနေထိုင်လျက်ရှိနေကြသည့်အတွက် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအနေအထားမှာထက် ထပ်မံမြင့်တက်လာဦးမည်ဆိုပါက အဆိုပါ လူသန်းတစ်ရာခန့်၏ အနာဂတ်ကာလ နေထိုင်မှုဘဝများလည်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ အကယ်၍ ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေမှုဖြစ်စဉ်ကြီးသည် မျက်မှောက်ကာလမှာထက် ပိုမိုဆိုးရွားလာပြီး ဤမြေကမ္ဘာကြီး၏ အပူချိန်က အဆမတန် မြင့်တက်လာဦးမည်ဆိုလျှင် ရေခဲဖုံးလွှမ်းမှုဧရိယာ အများဆုံးဒေသဖြစ်ကြသည့် အာတိတ်နှင့် အန္တာတိကဒေသများရှိ ရေခဲပြင်များအားလုံး အရည်ပျော်ကျသွားလိမ့်မည်ဖြစ်သည်။

ယင်းကဲ့သို့ အရည်ပျော်ကျသွားမည်ဆိုပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအနေအထားမှာထက် နောက်ထပ် ပေ ၂၅၀ ခန့် ထပ်မံမြင့်တက်လာလိမ့်မည်ဖြစ်ရာ ထိုအခြေအနေသို့ ရောက်ရှိလာခဲ့လျှင် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းဒေသများအားလုံးနှင့် ကုန်းတွင်းပိုင်းမြေနိမ့်ဒေသများအားလုံးကို ပင်လယ်ရေထုကြီးက ဖုံးလွှမ်းသွားလိမ့်မည် ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့အပူချိန်မြင့်တက်နေမှုကို ထိန်းချုပ်နိုင်မည်ဆိုပါက ထိုအခြေအနေမျိုးအထိ ရောက်ရှိရန် အလှမ်းဝေးနေဦးမည် ဖြစ်သည်။

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဆယ်နှစ်တာကာလအတွင်း တစ်နှစ်လျှင် သုံးမီလီမီတာနှုန်းဖြင့် မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာ အချိန်ကာလနှင့် နှိုင်းယှဉ်မည်ဆိုပါက မျက်မှောက်ကာလ၌ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၂၅ စင်တီမီတာခန့်အထိ မြင့်တက်လာခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့အပူချိန်မြင့်တက်နေမှုကို ထိန်းချုပ်ထားနိုင်မည်ဆိုပါက လာမည့်နှစ်တစ်ရာကာလအတွင်း ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် အများဆုံး ၆၀ စင်တီမီတာအထိသာ မြင့်တက်လာနိုင်ပြီး အကယ်၍ ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ထိန်းချုပ်လျှော့ချခြင်း မပြုနိုင်ပါက ရေခဲပြင်အရည်ပျော်နှုန်းမြင့်မားကာ စင်တီမီတာ ၈၀ အထိ မြင့်တက်လာနိုင်ခြေရှိနေသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် နှစ်တစ်ရာအတွင်း ရေအောက်မြုပ်သွားနိုင်သော မော်လ်ဒိုက်ကျွန်းစုနိုင်ငံ

မြင့်တက်လာမည့်ပင်လယ်ရေသည် ကမ်းရိုးတန်းဒေသ ကုန်းတွင်းပိုင်းအထိဝင်ရောက်ကာ မြို့ရွာဒေသအများအပြားကို ရေလွှမ်းမိုးမည့် အန္တရာယ်များ ကျရောက်စေလိမ့်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင် ကာကွယ်ရေးအေဂျင်စီက ပင်လယ်ရေမျက်နှာပြင် တစ်ပေမြင့်တက်လာတိုင်း ပင်လယ်ကမ်းရိုးတန်း ကုန်းတွင်းပိုင်းသို့ ပေနှစ်ရာအထိ ပင်လယ်ရေများ ဝင်ရောက်နိုင်ဖွယ်ရှိနေကြောင်း ခန့်မှန်းထားသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအစိုးရများ ဆက်သွယ်ညှိနှိုင်းမှုအဖွဲ့ကြီးကလည်း ၂၀၈၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့ကမ်းရိုးတန်း ရွှံ့ညွန်ဒေသများ၏ ၃၃ ရာခိုင်နှုန်းမှာ ပင်လယ်ရေအောက်သို့ ရောက်ရှိသွားနိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။

လာမည့်နှစ်ပေါင်းတစ်ရာတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လ်ဒိုက်ကျွန်းစုနိုင်ငံနှင့် မာရှယ်ကျွန်းစုများ၊ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ တူဘာလူကျွန်းများသည် ပင်လယ်ရေအောက်သို့ စုံးစုံးမြုပ်သွားကြလိမ့်မည်ဖြစ်သည်။

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် ထပ်မံမြင့်တက်လာမည့် အလားအလာသည် ကမ်းရိုးတန်းဒေသတစ်လျှောက်၌ လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိနေကြသော တရုတ်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အီဂျစ်စသောနိုင်ငံများကို ခြိမ်းခြောက်လျက်ရှိနေသလို…အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မိုင်ယာမီနှင့် နယူးအော်လင်းမြို့များကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်းနှင့် ကိုလ်ကတ္တားမြို့များကိုလည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ကျိုးနှင့် ရှန်ဟိုင်းမြို့များကို လည်းကောင်း၊ ဂျပန်နိုင်ငံ အိုဆာကာမြို့ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ကိုလည်းကောင်း၊ အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့ကိုလည်းကောင်း ပင်လယ်ရေလွှမ်းမိုးမှုအန္တရာယ် အကြီးမားဆုံး ကျရောက်ရာ မြို့ပြဒေသများအဖြစ် မှတ်တမ်းဝင်သွားစေလိမ့်မည် ဖြစ်သည်။

လက်ရှိအခြေအနေတွင် မော်လ်ဒိုက်ကျွန်းစုနိုင်ငံသည် ကမ္ဘာကြီးပူနွေးလာနေခြင်း၏ ဘေးအန္တရာယ်ကို လက်တွေ့ကျကျဖြင့် ထိပ်တိုက်ရင်ဆိုင်နေရသော နိုင်ငံတစ်ခုဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသော ဒီရေလှိုင်းများရိုက်ခတ်မှု၏အန္တရာယ်ကို တားဆီးကာကွယ်နိုင်ရန်အတွက် ဆယ်ပေခန့်မြင့်မားသော ကွန်ကရစ်တံတိုင်းများကို မြို့တော်၏ပတ်ပတ်လည်၌ ဖန်တီးပြုလုပ်ထားရသည်။ ၁၉၈၇ ခုနှစ်က ဒီရေများ အကြီးအကျယ်ဝင်ရောက်မှုကြောင့် မော်လ်ဒိုက်နိုင်ငံ မြို့တော် မားလေတွင် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ရှိခဲ့သည်။

၂၀၀၄ ခုနှစ်ကလည်း အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီလှိုင်းများ၏ ရိုက်ခတ်မှုကြောင့် မော်လ်ဒိုက်နိုင်ငံ၏ အစိတ်အပိုင်းအများအပြားကို ပင်လယ်ရေများဖုံးလွှမ်းသွားခဲ့ပြီး ကျွန်းစု၏ မြေမျက်နှာအသွင်အပြင် အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ ယခုအခါ မော်လ်ဒိုက်ကျွန်းစုနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ပြပထဝီမြေပုံကို မော်လ်ဒိုက်အစိုးရအဖွဲ့က ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကာလက အိန္ဒိယသမုဒ္ဒရာအတွင်း ရေအောက်မီးတောင်များ အကြီးအကျယ်ပေါက်ကွဲကာ ပင်လယ်ရေအောက်ကြမ်းပြင်များ အပေါ်သို့ကြွတက်လာခဲ့ပြီး မော်လ်ဒိုက်ကျွန်းစုများအဖြစ် ပေါ်ထွက်လာခဲ့သည်။ ကျွန်းငယ်ပေါင်း ၁၂၀၀ ခန့်ပါဝင်သည့် မော်လ်ဒိုက်ကျွန်းစုနိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ အနောက်တောင်ဘက် မိုင် ၄၀၀ ကျော်အကွာတွင်ရှိပြီး သာမောဖွယ်ရာကမ်းခြေများနှင့် လှပသော သန္တာကျောက်တန်းများ တည်ရှိနေသည့်အတွက် ကမ္ဘာလှည့်ခရီးသွားဒေသတစ်ခုအဖြစ် အလွန်ထင်ရှားကျော်ကြားသည်။

ကမ္ဘာကြီးပူနွေးလာနေမှုကြောင့် တအိအိမြင့်တက်လာနေသည့် ပင်လယ်ရေပြင်အောက်သို့ တစ်နိုင်ငံလုံး စုံးစုံးမြုပ်သွားမည့်အရေးကို လက်တွေ့ကျကျ ရင်ဆိုင်နေရသည့်အတွက် ၁၉၉၂ ခုနှစ်က ပြုလုပ်ခဲ့သည့် မြေကမ္ဘာညီလာခံကြီး၌ မော်လ်ဒိုက်သမ္မတက ၂၁ ရာစုအတွင်း ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားတော့မည့် နိုင်ငံနှင့် မျိုးသုဉ်းတော့မည့် နိုင်ငံသားတို့၏ ကိုယ်စား တစ်ကမ္ဘာလုံးကို အသိပေးလိုကြောင်း ဖြင့် ပြောကြားသွားခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ မြို့တော် မားလေသည် အနေ့နှင့်အမြန်ဆိုသလို ပင်လယ်ရေအောက်သို့ သက်ဆင်းရတော့မည့်အရေးကို ကြိုတင်သိမြင်နေသည့် မော်လ်ဒိုက်အစိုးရသည် မားလေကျွန်းထက် များစွာမြင့်မားသော လူလုပ်ကျွန်း တစ်ကျွန်းကို အပြင်းအထန်တည်ဆောက်လျက်ရှိနေသည်။ အဆိုပါကျွန်း တည်ဆောက်မှုနှင့် ပတ်သက်၍လည်း ကမ္ဘာကြီးပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကြောင့် ဖြစ်ရသည့်အတွက် ကျွန်းတုတည်ဆောက်မှုတွင် ထိုနိုင်ငံများက ဝိုင်းဝန်းကူညီသင့်ကြောင်း မော်လ်ဒိုက်သမ္မတက ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုအခါ တဖြည်းဖြည်းမြင့်တက်လာနေသော ပင်လယ်ရေမျက်နှာပြင်သည် ကမ်းရိုးတန်းဒေသများကို ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်စေရုံမျှမက မြေပေါ်မြေအောက်ရှိရေချိုအရင်းအမြစ်များထဲသို့လည်း ပင်လယ်ရေငန်များကို ဝင်ရောက်ရောနှောစေလျက်ရှိသည်။ အဆိုပါအန္တရာယ်သည် ကမ်းရိုးတန်းဒေသတွင်နေထိုင်ကြသော ပြည်သူများအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဖြစ်လျက်ရှိနေသည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ပင်လယ်ကမ်းရိုးတန်းများမှ ၆၄ ကီလိုမီတာအကွာဒေသများတွင် နေထိုင်လျက်ရှိကြရာ ထိုဒေသခံပြည်သူများသောက်သုံးရန် ရေချိုရရှိနိုင်မှုအပေါ် ရေငန်ဝင်ရောက်နေမှုက အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိနေသည်။

ပင်လယ်ဒီရေများကြောင့် မြေပေါ်မြေအောက်ရှိ ရေချိုအရင်းအမြစ်များအတွင်းသို့ ရေငန်စီးဝင်မှုပမာဏကို သုတေသနပြုလေ့လာခဲ့ကြရာတွင် အချို့ဒေသများ၌ မြေအောက်ရေချိုထုအတွင်းသို့ ဆားငန်ရေ ထိုးဖောက်ဝင်ရောက်လာမှုသည် မြေပေါ်ရှိ ရေချိုထုအတွင်းသို့ ဆားငန်ရေများ ဝင်ရောက်ရောနှောနေမှုထက်ပင် ၅၀ ရာခိုင်နှုန်း ပိုမိုများပြားလျက်ရှိကြောင်း ထိတ်လန့်အံ့သြဖွယ်ရာ တွေ့ရှိရသည်။

ရေချိုထုအတွင်း ရေငန်များ ရောနှောဝင်ရောက်နေမှု၏ ထင်ရှားသောသာဓကအဖြစ် အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်၏ မြစ်ညာပိုင်းတွင် လမုပင်များ ပေါက်ရောက်ရှင်သန်လျက်ရှိနေသည်ကို တွေ့ရှိရသည်။ လမုပင်များကို ဒီရေရောက်တောများအဖြစ် လူအများက သိရှိကြပြီး ယင်းတို့သည် ရေချိုနှင့်ရေငန်နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိရုံမျှမက ရေ၏ချဉ်ဖန်နှုန်းပြောင်းလဲမှုဒဏ်ကိုပါ ခံနိုင်သောအစွမ်းသတ္တိနှင့် ပြည့်စုံကြသည်။ သို့ရာတွင် လမုပင်များသည် ရေငန်၌သာရှင်သန်နိုင်သော အပင်မျိုးစိတ်ဖြစ်သည့်အားလျော်စွာ… ယခုကဲ့သို့ ဂင်္ဂါမြစ်အတွင်း လမုပင်များ ပေါက်ရောက်နေခြင်းသည် မြစ်ရေထဲ၌ ပင်လယ်ရေငန်များ ဝင်ရောက်ရောနှောနေခြင်း၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင် တရိပ်ရိပ်မြင့်တက်လာနေခြင်း၏ ထင်ရှားသောသာဓကကို ဘင်္ဂလားပင်လယ်အော်၌လည်း တွေ့မြင်နေရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပင်လယ်ရေမျက်နှာပြင် ပျမ်းမျှမြင့်တက်နှုန်းသည် တစ်နှစ်လျှင် ၂ မီလီမီတာမျှသာ ဖြစ်သော်လည်း ဘင်္ဂလားပင်လယ်အော်၏ နေရာအချို့တွင် ပင်လယ်ရေပြင်မြင့်တက်နှုန်းက တစ်နှစ်လျှင် ၃ ဒသမ ၁၄ မီလီမီတာအထိပင် ရှိနေသည်။

ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိနေကြသည့် အိန္ဒိယတိုက်ငယ်သည် ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုတို့၏ ဆက်စပ်ဆိုးကျိုးများဖြစ်ကြသော အင်အားပြင်းမုန်တိုင်းကြီးများ၏ဒဏ်နှင့် ရေလွှမ်းမိုးမှုဒဏ်တို့ကို အခြားဒေသများထက် ပိုမိုကြုံတွေ့ကြရဖွယ်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များက တွက်ချက်ထုတ်ပြန်သတိပေးထားကြသည်။ အကျယ်အဝန်းအားဖြင့် ၁၃၄၀၀၀ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ ၁၁၂ သန်းနေထိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် ငါးပေခန့် မြင့်တက်လာမည်ဆိုပါက စတုရန်းကီလိုမီတာ ၂၂၀၀၀ ကျယ်ဝန်းပြီး လူဦးရေ ၁၇ သန်းခန့်နေထိုင်လျက်ရှိသော မြေပြင်ကျယ်ကြီးမှာ ပင်လယ်ရေအောက်သို့ ရောက်ရှိသွားဖွယ်ရှိနေသည်။

ထို့ကြောင့်ပင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အမေရိကန်ဒေါ်လာ သန်းလေးထောင်ကျော် ကုန်ကျမည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရမှု လျော့ပါးသက်သာရေးစီမံကိန်းကြီးကို အလျင်အမြန်ရေးဆွဲကာ အလှူရှင်နိုင်ငံများထံမှ အကူအညီအထောက်အပံ့များ ရရှိနိုင်ရန်ကိုပါ မျှော်လင့်လျက်ရှိနေသည်။ ထိုစီမံကိန်းကြီးတွင် အရေးပေါ်ကူးသန်းသွားလာရေးအတွက် လမ်းများ ဖောက်လုပ်ခြင်း၊ မြေမျက်နှာပြင်များမြှင့်တင်ခြင်း၊ တာရိုးများဖြင့် ပတ်ပတ်လည်၌ကာရံခြင်း၊ မြစ်ကြောင်းရှင်းလင်းခြင်း၊ သစ်ပင်တောအုပ်များဖြစ်လာအောင် အုပ်စုလိုက်စိုက်ပျိုးခြင်းနှင့် ပင်လယ်ကမ်းစပ် တာပေါင်များတည်ဆောက်ခြင်း စသည်တို့ ပါဝင်သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့ပင်လယ်ရေထုကြီးသည် လျော့နည်းခန်းခြောက်သွားမည့် အခြေအနေမျိုးမှ အလွန်တစ်ရာ အလှမ်းကွာဝေးလျက်ရှိပြီး လူတို့နေထိုင်ရာ ကုန်းမြေဒေသများဆီသို့ပင် နယ်ချဲ့ကျူးကျော်ဝင်ရောက်လာနိုင်ရန် တာစူလျက်ရှိနေသည်ကို မပေါ့သောသတိ၊ မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် မျက်ခြည်မပြတ်စောင့်ကြည့်ကာကွယ်ရင်း အခြားတစ်ဖက်ကလည်း ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ရာသီဥတုပြောင်းလဲလာနေမှုတို့ကို တတ်နိုင်သည့် နည်းလမ်းများဖြင့် အစွမ်းကုန်တိုက်ဖျက်သွားကြရမည်ဖြစ်ပေသည်။ ။

မော်လ်ဒိုက်နိုင်ငံမြို့တော် မားလေသည် အနေ့နှင့်အမြန်ဆိုသလို ပင်လယ်ရေအောက်သို့ သက်ဆင်းရတော့မည့်အရေးကို ကြိုတင်သိမြင်နေသည့် မော်လ်ဒိုက်အစိုးရသည် မားလေကျွန်းထက် များစွာမြင့်မားသော လူလုပ်ကျွန်းတစ်ကျွန်းကို အပြင်းအထန်တည်ဆောက်လျက်ရှိနေသည်။ ကမ္ဘာကြီးပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကြောင့် ဖြစ်ရသည့်အတွက် ကျွန်းတုတည်ဆောက်မှုတွင် ထိုနိုင်ငံများက ဝိုင်းဝန်းကူညီသင့်ကြောင်း မော်လ်ဒိုက်သမ္မတက ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိ

မိတ္ထီလာ ဇွန် ၁၅

မိတ္ထီလာမြို့နယ်ရှိမြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းများကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က ဇွန် ၁၁ ရက်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဇူလိုင် ၃ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူးဦးနေဦးက "မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ ကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချနေပါတယ်။ အခြေခံသင်တန်းနဲ့ သာမန်သင်တန်းဆိုပြီး သင်တန်းနှစ်မျိုး ခွဲခြားသင်ကြားပို့ချပေးနေတာပါ။ အခြေခံသင်တန်းမှာ သင်တန်းသား သင်တန်းသူ ၆၅ ဦး ၊ သာမန်သင်တန်းမှာ ၃၆ ဦး တက်ရောက်နေပါတယ်။ အခြေခံသင်တန်းမှာ ကြက်ခြေနီရှေးဦးပြုစုခြင်း၊ အခြေခံစစ်ရေးပြ၊ စာတွေ့လက်တွေ့ သင်ခန်းစာတွေပါဝင်ပြီး သာမန် သင်တန်းကတော့ အခြေခံထက် ပိုပြီးမြင့်ပါတယ်။ လူနာရှေးဦးပြုစုခြင်း၊ အခြေခံစစ်ရေးပြတွေအပြင်၊ လူနာထမ်းစင်ထမ်း၊ ကျန်းမာရေးဆိုင်ရာ၊ ရောဂါဗေဒဆိုင်ရာတွေပါ ထပ်တိုးသင်ကြား ပို့ချပေးတာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချရသည့်ရည်ရွယ်ချက်မှာ ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ တက္ကသိုလ်ကြက်ခြေနီတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းပြီး ယင်းတပ်ဖွဲ့များမှ အများပြည်သူကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့် သယ်ပိုးထမ်းရွက်လိုသည့် ရာသက်ပန်ကြက်ခြေနီအသင်းသားများ တိုးပွားလာစေရန်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ အခြားတက္ကသိုလ်များတွင်လည်း အလားတူ သင်တန်းများကို ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရက် ၁၀၀ စီမံကိန်းအရ တူးဖော်သော မြေသားရေကန်များပြီးစီး

ချောင်းဦး ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပထမရက် ၁၀၀ စီမံကိန်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် တူးဖော်ခဲ့သော မြေသားရေကန်များ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများကို ချောင်းဦးမြို့နယ်အတွင်းမှ ကျေးရွာသုံးရွာတွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကိုးတောင်ကန်ကျေးရွာနှင့် ငါးယုန်ကျေးရွာတို့တွင် အလျားပေ ၁၈၀ ၊ အနံပေ ၁၅၀၊ အနက် ၆ ပေရှိ မြေသားရေကန် တစ်ကန်စီနှင့် နတ်ရေကန်ကျေးရွာတွင် အလျားပေ ၃၀၀၊ အနံပေ ၂၅၀၊ အနက် ၃ ပေရှိ မြေသားရေကန်တစ်ကန်ကို ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နတ်ရေကန်ကျေးရွာတွင် လေးလက်မ ဆိုလာပန့် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့သည့်အတွက် ပြီးခဲ့သော နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရေရှားပါးပြတ်လပ်မှု မရှိခဲ့သလို ယခု မြေသားရေကန်ကို မိုးရာသီမတိုင်မီ ပြန်လည်တူးဖော်ပေးခြင်းကြောင့် ယခုနှစ်မိုးရာသီတွင် မြေသားရေကန်များမှာ ရေပိုမိုသိုလှောင် စုဆောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဦးက ဦးစီးဌာနအနေဖြင့် ပထမရက် ၁၀၀ စီမံကိန်းကာလအတွင်းမှာ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုတူးဖော်ပြီးစီးသော မြေသားရေကန်သုံးကန်အပြင် အိုင်နီကျေးရွာ၊ ကျောက်စစ်ကန်ကျေးရွာနှင့် တောကျောင်းလေးကျေးရွာများတွင်လည်း ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်များကို တည်ဆောက်ပေးနေကြောင်း၊ အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

မယု(ချောင်းဦး)

စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

မြိုင် ဇွန် ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးနီးနှောဖလှယ်ပွဲကို မြိုင်မြို့ အိမ်တွင်းမှုသင်တန်း ကျောင်းခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့သည်။

နီးနှောဖလှယ်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်းနှင့် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးရဲလင်းအောင်တို့က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမောင်မောင်အေးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုင်ရာများကိုလည်းကောင်း၊ မကွေးမြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးက FDA နှင့် စားသောက်ကုန်လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦးက အစားအသောက်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် သနပ်ခါးထုတ်လုပ်မှုအသင်း အလုပ်အမှုဆောင်များ၊ ကုန်သည်ကြီးများအသင်းမှ အသင်းဝင်များ၊ ဒေသခံတောင်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းပြီး အကြံပြုဆွေးနွေးကြကာ တိုင်းဦးစီးမှူးက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ (၁၃၅)

သတင်းတိုများ

အင်းတော်မြို့နယ်တွင် ငါးလုပ်ငန်းအသင်းဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ငါးလုပ်ငန်းအသင်း ပဏာမဖွဲ့စည်းခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၂ က ကျင်းပခဲ့သည်။ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ အင်းတော်မြို့နယ်ငါးလုပ်ငန်းအသင်းကို ဖွဲ့စည်းခြင်းဖြစ်ပြီး အခမ်းအနားတွင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းကိုတို့က အမှာစကားပြောကြားကာ မြို့နယ်ငါးလုပ်ငန်းအသင်းအတွက် အမှုဆောင် ၁၅ ဦးကို တက်ရောက်လာသူများထဲမှ အများဆန္ဒအရ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **လှအောင်(ကသာ)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်အတွက် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ပြုလုပ်ခဲ့ပြီး ဝေါလေမြိုင်မြို့အဝင် ဆိုင်းဘုတ်ရှေ့နှင့် လမ်းဘေးဝဲယာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်းစသည့် ပျိုးပင်ပေါင်း ၅၀၀ ကျော်ကို ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ကျေးရွာများရှိ ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကိုးပင်တိုက်နယ် သဖန်းကုန်းကျေးရွာ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် ကွမ်းခြံစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဆရာမ ဒေါ်အေးမွန်ကျော်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ကြီးကြပ်(၂)ဒေါ်စိုးစိုးဝေက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြပြီး ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၀၈၅)**

ကျေးရွာမြေများ ဂရန်ထုတ်ပေးနိုင်ရေးညှိနှိုင်းဆွေးနွေး

ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများအား မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများကို သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ ဂန့်ဂေါမြို့နယ်တွင် မြေငှားဂရန် ဆောင်ရွက်ပေးမည့်ကျေးရွာ၌ နယ်နိမိတ်မှတ်တိုင်စိုက်ထူခြင်း လုပ်ငန်းများကို ဇွန် ၁၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

ရက် ၁၀၀ စီမံချက်အရ မြို့တွင်းအမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

အိမ်မဲ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့၌ ရက် ၁၀၀ စီမံချက်အရ မြို့တွင်းအမှိုက်ကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုအဖြစ် မြို့ပေါ်ရပ်ကွက်များမှ ကျောင်းများတွင် အမှိုက်ကင်းစင်ရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ခြင်ဆေးမှုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထကအိမ်မဲကျောင်းဝင်းတွင် ဇွန် ၁၂ ရက်က သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ဦးဆောင်မှုဖြင့် ဝန်ထမ်းများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၃၀၀ ခန့်ဖြင့် စုပေါင်းဆောင်ရွက်ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်းတွင်လည်း အခြားစာသင်ကျောင်းများ၌လည်းကောင်း၊ ရပ်ကွက်များ၌လည်းကောင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

ကျောင်းဈေးဆိုင်များတွင် ဓာတုဆေးဝါးများပါဝင်သော စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန် ကွင်းဆင်းစစ်ဆေး

ပုလဲ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အထက စာသင်ကျောင်းရှိ ဈေးဆိုင်များတွင် ရောင်းချနေသော အစားအသောက်များနှင့် မြို့တွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆေးဝါးများပါဝင်ခြင်း မရှိစေရန် အတွက် တာဝန်ရှိသူများ ဇွန် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်၍ ပုလဲမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဇော်ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ပုလဲမြို့နယ် မြောက်ပိုင်းရပ်ကွက်ရှိ အထကကျောင်း အတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်များနှင့် ကုန်စုံဆိုင်များတွင်လည်းကောင်း၊ ပုလဲမြို့ပေါ် မြောက်ပိုင်းနှင့် တောင်ပိုင်းရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသော ကုန်စုံဆိုင် ခြောက်ဆိုင်တွင်လည်းကောင်း ဓာတုဆေးဝါးများပါဝင်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရေးအတွက် စစ်ဆေးခဲ့ပြီး ဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစုပေါင်းစိုက်ပျိုး

ရေကြည် ဇွန် ၁၅

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရေကြည်မြို့နယ် သစ်တော ဦးစီးဌာနက ကြီးမှူး၍ ကျောင်းကုန်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဂါဒီယန်ဦးစိန်ဝင်းခန်းမ၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အသိပညာပေး ဟောပြောပွဲနှင့် သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုး ကျေးဇူးများအကြောင်းကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် သစ်တောဦးစီးဌာနက ပျိုးထောင်ထားသော ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်နှင့် အော်ရီးရှား ပျိုးပင်ပေါင်း ၂၀၂ ပင်ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကာ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကာတွန်းဇာတ်ကောင်များပါဝင်သည့် အစီအစဉ်သစ်တစ်ခုကို ဆမ်ဆောင်းမှမိတ်ဆက်

ရန်ကုန် ဇွန် ၁၅

နာမည်ကျော် မြန်မာကာတွန်းဇာတ်ကောင်များ ပါဝင်သည့် Legends of Galaxy ဟု အမည်ရသော ဒစ်ဂျစ်တယ်အစီအစဉ်ကို ဆမ်ဆောင်းမြန်မာက စတင်မိတ်ဆက် ထားပြီဖြစ်ကာ ဆမ်ဆောင်းမြန်မာ၏ Facebook စာမျက်နှာ Samsung Mobile Myanmar တွင်လည်းကောင်း၊ စမတ်ဖုန်းများဖြင့် အသုံးပြုနိုင်အောင် ပြင်ဆင်ထားသည့် www.galaxymyanmar.com တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင် ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Legends of Galaxy တွင် နာမည်ကျော် ကာတွန်းဇာတ်ကောင်များ ဖြစ်ကြသော တွတ်ပီ၊ မောင်မောင်ဇာ၊ ဦးကပ်စီး၊ မောင်တီထွင်နှင့် သမိန်ပေါသွပ်တို့ ပါဝင်ပြီး ၎င်းတို့၏ ယနေ့ခေတ်နေ့စဉ်ဘဝများအား စမတ်ဖုန်းများဖြင့် မည်သို့မည်ပုံ အဆင်ပြေလွယ်ကူစွာ ကျော်ဖြတ်ကြသည်ကို ပုံရိပ်များ၊ ဗွီဒီယိုဖိုင်များ၊ GIF ဖိုင်များ ဖြင့် ဇာတ်ကြောင်းများဖြင့် ဖန်တီးဖွဲ့စည်းထားသည်။

"Legends of Galaxy အစီအစဉ်ဟာ အရင်က ဘယ်သူမှမလုပ်ခဲ့ဖူးတဲ့ အစီအစဉ်မျိုးပါ။ ဒီနာမည်ကျော်ဇာတ်ကောင်တွေကို သရုပ်ဖော်တဲ့ ကာတွန်းဆရာတွေ နဲ့ မူပိုင်ခွင့်ရရှိထားသူတွေဆီက ခွင့်ပြုချက်ရယူပြီးတော့ နာမည်ကျော် ကာတွန်း ဇာတ်ကောင်တွေကို ဒီနေ့ခေတ်နဲ့ လိုက်လျောညီထွေဖြစ်အောင် ကြိုးစားအသက် သွင်းပြီး ဒီအစီအစဉ်ကို အကောင်အထည်ဖော်ထားတာပါ" ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ Richard See က ပြောကြားသည်။

"ဒီနာမည်ကျော် ကာတွန်းဇာတ်ကောင်တွေကို ပြန်လည်အသက်သွင်းပြီး ခေတ်နဲ့ လျော်ညီတဲ့ ပျော်ရွှင်စရာ၊ အတုယူစရာ ဇာတ်ကြောင်းတွေကို ပြောပြခြင်းအားဖြင့် လူမှုကွန်ရက်ပေါ်မှာရှိနေတဲ့လူငယ်တွေ အတိတ်ကို ပြန်ပြောင်းသတိရရင်း တောက်ပ ကောင်းမွန်တဲ့ အနာဂတ်ကို မျှော်လင့်ချက်ထားဖို့အတွက် တွန်းအားပေးချင်တာလည်း ပါပါတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် Website ပေါ်တွင် အသုံးပြုသူများပါဝင်နိုင်သော အစီအစဉ်တချို့ ကိုလည်း ဆမ်ဆောင်းက မိတ်ဆက်ပေးထားကြောင်း၊ Website ပေါ်တွင် ကာတွန်း ဇာတ်ကောင်များနှင့် တွဲရိုက်ထားသကဲ့သို့ selfie ပုံများ ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း၊ မိမိစိတ်ကူးရှိသော Legends of Galaxy ဇာတ်လမ်းများကိုလည်း ဝင်ရောက် ရေးသားနိုင်မည်ဖြစ်ကြောင်း၊ ဇာတ်လမ်းများ ဝင်ရောက်ယှဉ်ပြိုင်ရေးသားသူများထဲ မှ အကောင်းဆုံးဇာတ်လမ်းကို ရွေးချယ်ကာ ကာတွန်းဇာတ်ကောင် ငါးကောင်စလုံး ပါဝင်သော ဇာတ်လမ်းတိုကို ပြန်လည်ဖန်တီးပေးမည်ဖြစ်ပြီး အထူးဆုအဖြစ် ဆမ်ဆောင်း Galaxy J5 ဖုန်းနှစ်လုံးနှင့် အခြား အကောင်းဆုံးဇာတ်လမ်း ၅၀ အတွက် ပါဝင်ယှဉ်ပြိုင်သူများကို တီရှပ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သွန်းဝသန်

နတ်တလင်းမြို့တွင် ကျူးကျော်ဆိုင်များဖယ်ရှားပေးနိုင်ရန် တွေ့ဆုံဆွေးနွေး

နတ်တလင်း ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့တွင်း ရန်ကုန်-ပြည်ကားလမ်းဘေးတစ်လျှောက်မှ ကျူးကျော်ဆိုင်များ ဖယ်ရှားပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို နတ်တလင်းမြို့ ရွှေလင်း ခန်းမ၌ ဇွန် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်-ပြည်လမ်းဘေးတွင် ဈေးရောင်းချနေသော ဈေးဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် စည်ပင်သာယာရေး ဦးဆောင်အရာရှိနှင့် လမ်းအင်ဂျင်နီယာတို့က လမ်းဘေးဝဲယာတစ်လျှောက် ဈေးဆိုင်များအနေဖြင့် လမ်းမနှင့် ပေ ၅၀ အတွင်း ဆောက်လုပ်ထားသည့် အဆောက်အအုံများ၊ သတ်မှတ်ဧရိယာထက်ပို၍ ဆောက်လုပ်ထားသည့်အဖီအဆွယ်များ၊ ကျူးကျော်ဈေးဆိုင်များကို ဇွန် ၃၀ ရက် နောက်ဆုံးထား၍ မိမိတို့အစီအစဉ်ဖြင့် ရှင်းလင်းဖယ်ရှားပေးကြရန် ပြောကြားသည်။

ကျူးကျော်ဆိုင်များကို ဖယ်ရှားရမည်ဖြစ်သော်လည်း ၂၀၁၄ ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသည့် အခိုင်အမာအဆောက်အအုံများကို ကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်သည့် ဈေးသည်များအနေဖြင့် လက်တွန်းလှည်းများအသုံးပြု၍ရွှေ့လျားဈေးရောင်းချခြင်း ပြုလုပ်နိုင်ကြောင်း ဆွေးနွေးပွဲတွင် တာဝန် ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

တင်မြင့်(နတ်တလင်း)

ကျောင်းကျန်းမာရေး ဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေး

အင်္ဂပူ ဇွန် ၁၅

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အမကစံပြ ကျောင်းမှ ကျောင်းသား ကျောင်းသူများ အား ကျောင်းကျန်းမာရေး အသိပညာ ပေးဟောပြောခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို မဲဇလီကုန်း တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ဇွန် ၁၃ ရက်က ကွင်းဆင်းပြုလုပ်ခဲ့သည်။

ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲတွင် မဲဇလီကုန်းတိုက် နယ် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေး(ကြီးကြပ်-၁)ဦးမြတ်သူရ က ကျောင်းသား ကျောင်းသူများအား မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ စသည့်ရောဂါများ အကြောင်းကိုလည်းကောင်း၊ ကျန်းမာ ရေး ဆရာမ ဒေါ်ဌေးဌေးမြင့်က တစ်ကိုယ် ရေသန့်ရှင်းရေးဆိုင်ရာ အကြောင်း အရာများကိုလည်းကောင်း ဟောပြော ခဲ့သည်။

ထို့နောက် အဆိုပါကျောင်းမှ ကျောင်း သား ကျောင်းသူ ၁၃၇ ဦးအား ကျန်းမာ ရေး ဝန်ထမ်းများက တီဘီရောဂါ၊ လည်ပင်းကြီးရောဂါ၊ အနာကြီးရောဂါနှင့် သွေးအားနည်းရောဂါများ ရှိမရှိကိုလည်း ကောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး ဆိုင်ရာများကိုလည်းကောင်း စစ်ဆေး ပေးခဲ့ပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများလည်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်မှု သတင်းစာရှင်းလင်း

မန္တလေး ဇွန် ၁၅

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများအကြောင်း သတင်းစာရှင်းလင်းပွဲကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည့်ရည်ရွယ်ချက်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ၁၀၅ ခုက ဆောင်ရွက်နေသော ပြည်သူ့ အကျိုးပြုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး မီဒီယာများအနေဖြင့် သိလိုသော အကြောင်းအရာများကို အပြုသဘောဆောင်သော မေးခွန်းများမေးမြန်းကာ မီဒီယာများမှတစ်ဆင့် ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးသွားရန် ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ ၁၀၅ ခုမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားကာ မီဒီယာများက သိလိုသည်များကို ဖြည့်စွက်မေးမြန်းခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တင်မောင်(မန်းကိုယ်ပွား)

ကြက်သွန်ပွဲရုံများ၌ လုပ်သားများ ပုံမှန်ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိ

ရေစကြို ဇွန် ၁၅
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ရှိ ကြက်သွန်ပွဲရုံများတွင် အလုပ်သမားများ တစ်နှစ်ပတ်လုံးနီးပါး အလုပ်အကိုင် ရရှိကာ နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိနေသလို ကြက်သွန်အဝင်များသည့်အချိန်များတွင် ဝင်ငွေပိုရသဖြင့် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ်အတွင်းမှာ ကြက်သွန်နီကို ဥစိုက်ကြက်သွန်နဲ့ အပင်စိုက်ကြက်သွန်ဆိုပြီး စိုက်ကြပါတယ်။ ဥစိုက်ကြက်သွန်ကိုတော့ ချင်းတွင်းမြစ်ရေပြန်အကျ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ စိုက်ကြပြီး နတ်တော်၊ ပြာသိုလတွေမှာ ဖော်ကြပါတယ်။ အပင်စိုက်ကြက်သွန်ကိုတော့ နွေလဖြစ်တဲ့ တပေါင်း၊ တန်ခူးမှာ ရေသွင်းစိုက်ပျိုးကြပါတယ်။ အဲဒီတော့ ကြက်သွန်စဖော်ကတည်းက ဒေသခံတွေကို ပွဲရုံမှာ အလုပ်ပေးနိုင်ခဲ့ပါတယ်။ အခု နယုန်၊ ဝါဆိုလမှာ အလုပ်ပါးပေမယ့် မျိုးကြက်သွန်စုဆောင်းချိန်ဖြစ်လို့ အလုပ်ရှိနေဆဲဖြစ်ပါတယ်"ဟု ပွဲရုံပိုင်ရှင်ကပြောသည်။

"ကျွန်မတို့ အမျိုးသမီးအလုပ်သမတွေကတော့ အခွံသန့်စင်၊ အရွယ်အစားရွေး ဂိုဒေါင်သွင်းတဲ့ အလုပ်တွေကို လုပ်ရပါတယ်။ ပုံမှန်ဝင်ငွေကတော့ တစ်ရက်ကို ကျပ် ၃၀၀၀ ဝင်ပါတယ်။ ကြက်သွန်အဝင်များတဲ့ကာလတွေမှာတော့ အလုပ်ချိန်ပိုလုပ်ရသလို တစ်ရက်ဝင်ငွေကလည်း ကျပ်၄၀၀၀၊ ၅၀၀၀ ထိရရှိပါတယ်။ အမျိုးသမီးအလုပ်သမ ခြောက်ဦးရှိပါတယ်။ အလုပ်ချိန်တွယ် ချုပ်စီ အလုပ်တွေလုပ်ကြရပါတယ်။ သူတို့ ဝင်ငွေကတော့ တစ်ရက် ကျပ် ၄၀၀၀၊ ၅၀၀၀ ပုံမှန်ဝင်ငွေရရှိပြီး အလုပ်များတဲ့ကာလ တွေမှာတော့ တစ်ရက် ၁၀၀၀၀ ကျပ်ထိ ဝင်ငွေရှိကြပါတယ်။ အမျိုးသားအလုပ်သမား ငါးဦးရှိပါတယ်။ ကျွန်မတို့ လုပ်သားအားလုံး တစ်နှစ်လုံးနီးပါးအလုပ်ရှိပြီး ပုံမှန်ဝင်ငွေ အပြင် အလုပ်ကောင်းရင်ကောင်းသလို အပိုဝင်ငွေတွေ ရရှိနေကြတဲ့အတွက် မိသားစု စားဝတ်နေရေးတွေ အဆင်ပြေနေကြပါတယ်"ဟု ကြက်သွန်ပွဲရုံမှ အလုပ်သမ မမြက ပြောသည်။

တိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်းမိုးနည်းဒေသတွင် ပါဝင်သော မြို့နယ်တစ်ခုဖြစ်သလို ကျွန်းတစ်ပိုင်း၊ ကုန်းတစ်ပိုင်းဖြစ်သော်လည်း စပါးအပါအဝင် သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စိုက်ပျိုးရေးကောင်းမွန်ထွန်းကားသော မြို့နယ်ဖြစ်သကဲ့သို့ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုမှာ နှစ်စဉ်စိုက်ဧက ၁၀၀၀၀ ကျော်ရှိကြောင်း လေ့လာသိရှိရသည်။

ဖေထွေးကျော်ဇော်(ရေစကြို)

ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြစ်သား ဇွန် ၁၅
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆ ဒသမ ၇၅ သန်းဖြင့် ကျေးရွာ ခုနစ်ရွာ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရက် ၁၀၀ အတွင်း ကျေးရွာ ခုနစ်ရွာဖြစ်တဲ့ သပြေသာ၊ မြသိန်းတန်၊ အရေးမဆိ၊ ညောင်ဂျစ်၊ ပျော်ရွာ၊ ထနောင်ပင်လှနဲ့ ဒါးရဲကောင်းကျေးရွာတွေမှာ အင်ဂျင်၊ အုတ်ရေကန်၊ ရေဘားခေါင်းပြုပြင်ခြင်း၊ အင်ဂျင်ကွန်ပရက်ဆာ ရေဘားခေါင်းပြုပြင်ခြင်း၊ တွင်းဆေးတွင်းမှုတ်ခြင်း၊ ရေစက်ရုံ ရေဘားခေါင်းပြုပြင်ခြင်းစတဲ့ လုပ်ငန်းတွေကို ဌာနခွင့်ပြုရန်ပုံငွေ ကျပ် ၆ ဒသမ ၇၅ သန်းနဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်ဖို့ လျာထားပါတယ်။ ဒီလုပ်ငန်းအားလုံး ပြီးစီးသွားတာနဲ့ အဲဒီကျေးရွာတွေဟာ ရေအတွက် မပူရတော့ပါဘူး"ဟု မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကိုကိုအောင်က ပြောသည်။

ကျေးရွာရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာတွင် အဆိုပါကျေးရွာများမှ ပြည်သူများကလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြခြင်းဖြင့် လုပ်ငန်းများ ပို၍မြန်ဆန်စွာ ပြီးစီးမည်ဖြစ်ကြောင်းလည်း ဦးစီးမှူးက ဆက်လက်ပြောကြားသည်။ **ကျော်ကျော်(မလှိုင်)**

ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးဆွေးနွေး

မြိတ် ဇွန် ၁၅
၂၀၁၆ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မြိတ်ခရိုင် အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနကကြီးမှူး၍ ဇွန် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင် အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်လင်းက စက်ရုံအလုပ်ရုံများမှ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များအား ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ အလုပ်ရုံနှင့်အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်လျက်ရှိသော ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအခန်း(၈) ပြဋ္ဌာန်းချက်များအကြောင်းကို ဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၆ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အတွက် ကလေးအလုပ်သမား အဆုံးသတ်ရေး ဖြည့်ဆည်းထောက်ပံ့ပေး ဆောင်ပုဒ်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်၊ မန်နေဂျာများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်ကြရန်လည်း လက်ထောက်ညွှန်ကြားရေးမှူးက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(မြိတ်)**

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ခုနှစ်(သို့မဟုတ်)၂၀၁၆ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-
(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။
(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။
(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။
(င) **၂၀၁၆ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-
(က) အင်္ဂလိပ်စာ။
(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

